# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်၊ တနင်္လာနေ့၊ (1-6-2015) (၈၂၁၈)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြည်သူများသို့ မိန့်ခွန်းပြောကြားမည်

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယို အစီအစဉ်များမှတစ်ဆင့် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခုနှစ် ဇွန် ၂ ရက်နှင့် ၃ ရက် တို့တွင် နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့် သွားမည်ဖြစ်သည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံကို ဇွန် ၂ ရက်ထုတ် သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# သာယာဝတီမင်း ခေါင်းလောင်းကြီးနှင့်အရွယ်တူ မဟာဝိဇယ ခေမသီတလ နိဗ္ဗုတဃောသ မဟာမင်္ဂလာခေါင်းလောင်းတော်ကြီး ထားဝယ်မြို့သို့ရောက်ရှိ

စာမျက်နှာ » ၁၁



မဟာဝိဇယ ခေမသီတလ နိဗ္ဗုတဃောသ မဟာမင်္ဂလာခေါင်းလောင်းတော်ကြီးကို ထားဝယ်မြို့ကျက်သရေဆောင်လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း၌ ပူဇော်ထားရှိစဉ်။

**ယနေ့**

## မာတိကာ

ကျက်သရေ မင်္ဂလာ တိုးသောလ

စာမျက်နှာ - ၂

နယုန်လပြည့်နေ့

စာမျက်နှာ - ၆

မော်လမြိုင်- နတ်မှော် ခရီးလမ်းတွင် ရေဘဝ(၁) ရေယာဉ် ပြန်လည်ပြေးဆွဲမည်

စာမျက်နှာ - ၈

## ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာမည်

**နေပြည်တော် မေ ၃၁**

၂၀၁၅ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၆ ရက် စနေနေ့ နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။ အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ် အသီးသီးရှိ သက်ဆိုင်ရာစာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်း ကပ်ထားကြေညာပေးမည်ဖြစ်ပြီး မြို့နယ်အလိုက် အောင်စာရင်း များကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ကပ်ထားကြေညာပေးမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာခရိုင်အလိုက် အောင်စာရင်း များကို ခရိုင်ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးများတွင်လည်းကောင်း စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

ထို့အပြင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တို့တွင်လည်း တိုင်းဒေသကြီး၊ပြည်နယ်များ၏ အောင်စာရင်းများကို ကပ်ထားပေးမည် ဖြစ်သည်။

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၆ ရက်တွင် Online မှ တစ်ပြိုင်တည်းကြေညာပေးသွားမည်ဖြစ်ပြီး www.moemyanmar.net တွင် ကြည့်ရှုနိုင်ကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**


## အခမဲ့ပညာရေးစနစ်ကြောင့် ကျောင်းသားမိဘများ ရင်သွေးငယ်များအား စိတ်ချမ်းသာစွာ ကျောင်းအပ်နှံ

**သပိတ်ကျင်း မေ ၃၁**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများတွင် ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်ကြား ရေးအတွက် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးနေ့အဖြစ် သတ်မှတ်၍ ကျောင်းနေ အရွယ်ကလေးငယ်များ အချိန်မီ ကျောင်းဝင်းအတွင်းရောက်ရှိရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် လျက်ရှိပြီး မူလတန်းကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ တစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းသုံးပုံနှိပ်စာအုပ် တစ်စုံစီကို အခမဲ့ပညာရေးအစီအစဉ်အရ ပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့ အခြေခံပညာအထက်တန်းကျောင်း တွင် မေ ၂၅ ရက် နံနက် ၈ နာရီက ကျောင်းအပ်နှံရေးအခမ်းအနားများပြုလုပ်ကာ ကျောင်းသားများ စတင်လက်ခံခဲ့ပြီး

စာမျက်နှာ ၇ ကော်လံ ၅ သို့

ကြေးမုံစာတည်းရှုထောင့် **၁-၆-၂၀၁၅၊ တနင်္လာနေ့**

# ကျက်သရေမင်္ဂလာတိုးသောလ

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ နယုန်လပြည့်နေ့ဖြစ်သည်။ သာသနာ့သမိုင်း၌ ငြိမ်းချမ်းရေးမှတ်တိုင် စိုက်ထူနိုင်သောနေ့ဖြစ်သည်။ များပြားလှသော နတ်၊ ဗြဟ္မာပရိသတ်များ စုဝေးရောက်ရှိစဉ် မဟာသမယသုတ်ကို မြတ်စွာဘုရားက ဟောကြားတော်မူသောနေ့ဖြစ်သည်။

ရောဟိဏီမြစ်ရေကို ကပိလနှင့် ကောလိယ နှစ်ပြည်ထောင်သားတို့ လုယူရာမှ ပဋိပက္ခဖြစ်ပွားမည့်ဘေးမှ ကင်းရှင်းသောနေ့၊ ငြိမ်းချမ်းရေးရသောနေ့။ ရဟန်းတော် ၅၀၀ ရဟန္တာဖြစ်တော်မူသောနေ့။ နတ်၊ ဗြဟ္မာ၊ အသူရာနှင့် နဂါး၊ ဂဠုန်များ၊ ရဟန်းတော်များ တစ်ကြိမ်သာစုရုံးမိသောနေ့။ မဟာသမယသုတ်ကို အကြောင်းပြု၍ ရန်ဘက်များ မေတ္တာသက်ဝင်သောနေ့။ သုတ္တန် ခုနစ်မျိုးကို မြတ်ဗုဒ္ဓဟောကြားတော်မူသောနေ့ ဟူသည့် ထူးမြတ်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ထိုနေ့ရက်တွင် ရေလုခြင်းကိုအကြောင်းပြု၍ နှစ်ပြည်ထောင်သားတို့အား ငြိမ်းချမ်းရေးတရားကို ဟောကြားတော်မူခဲ့သဖြင့် ညီညွတ်ခြင်း၊ ချမ်းသာခြင်းတို့ကို ရရှိခဲ့ပါသည်။ နယုန်လပြည့် ညချမ်းအချိန်တွင် ရဟန္တာဖြစ်မည့် သံဃာ ၅၀၀ တို့ အစည်းအဝေးကြီးကျင်းပခဲ့ရာ ယင်း၌ာနသို့ လာရောက်ကြည်ညိုကြကုန်သော နတ်ဗြဟ္မာ၊ နဂါး၊ ဂဠုန်တို့အား မြတ်စွာဘုရားက မဟာသမယသုတ်ကို ဟောကြားတော်မူခဲ့ပါသည်။

မဟာသမယသုတ်ကို ဟောကြားတော်မူပြီးနောက် ရာဂစရိုက်အားကြီးသူ၊ ဒေါသစရိုက်အားကြီးသူ၊ မောဟစရိုက်အားကြီးသူ၊ ဝိတက်စရိုက်အားကြီးသူ၊ သဒ္ဓါစရိုက်အားကြီးသူ၊ ပညာစရိုက်အားကြီးသူတို့အတွက် တရားတော်တစ်မျိုးစီ ဟောကြားတော်မူခဲ့ရာ နတ်ဗြဟ္မာအပေါင်းတို့ ကျွတ်တမ်းဝင်ခဲ့ပါသည်။ ထိုသို့ ကျွတ်တမ်းဝင်အောင် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော မဟာသမယသုတ်မှာ ထူးခြားလှပါသည်။

၎င်းမဟာသမယသုတ်ကို အစဉ်အမြဲရွတ်ဖတ်ကြပါက နတ်အများ၏ ချစ်ခင်မှု၊ နှစ်လိုမှုခံရသလို အိမ်သစ်၊ နေရာသစ်များတွင် ရွတ်ဆိုပွားများခြင်းဖြင့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်သည့် အကျိုးထူးများ ရရှိနိုင်ပါသည်။ ကပိလဝတ်ပြည် မဟာဝုန်တောကြီးအတွင်း ၎င်းမဟာသမယသုတ်ကို မြတ်စွာဘုရားရှင် ဟောကြားတော်မူသည်ကိုအကြောင်းပြု၍ ယနေ့နယုန်လပြည့်နေ့၌ မဟာသမယအခါပွဲတော်ကို အစဉ်အလာမပျက် ကျင်းပခဲ့ကြခြင်းဖြစ်ပါသည်။

ယခုနယုန်လသည် နွေရာသီကုန်ဆုံး၍ မိုးရာသီကာလသို့ ကူးပြောင်းရောက်ရှိချိန်ဖြစ်ပါသည်။ ၎င်းလတွင် မိုးရေ၊ မိုးစက်များပက်ဖျန်းလာခြင်းနှင့် အတူ စံပယ်၊ မြတ်လေး အစရှိသည့်ပန်းမန်များ ပွင့်လန်းလာသဖြင့် သင်းပျံ့သည့် မွှေးရနံ့များနှင့် ထုံသင်းနေသောကာလဖြစ်ပါသည်။ ကောင်းကင်တစ်ခွင်၌လည်း မြူခိုးများယှက်လိမ်ကာ တိမ်ညိုတိမ်တိုက်များနှင့် အုံ့ဆိုင်းဝေဆာပြီး ကြည်နူးဖွယ်သဘာဝအလှဝန်းကျင်များ လွှမ်းခြုံနေသောကာလဖြစ်ပါသည်။

၎င်းကာလတွင် ရန်ပြေငြိမ်းအေးစေခြင်း၊ နတ်ဗြဟ္မာများစုဝေးခြင်း၊ အမျိုးကောင်းသားတို့ သာသနာ့ဘောင်သို့ဝင်ရောက်ခြင်း၊ ရဟန်းတော် ၅၀၀ တစ်ပါးမကျန် ရဟန္တာဖြစ်တော်မူခြင်း၊ နိမ္မိတဘုရားက အမေးရှိ၍ ပကတိဘုရားရှင်က အဖြေရှိသည်တို့ကို နာကြားရခြင်း၊ အချင်းချင်းခိုက်ရန်မဖက် မေတ္တာသက်ဝင်သောနေ့ဖြစ်ခြင်း၊ မဟာသမယဆိုင်ရာ သုတ္တန်ခုနစ်မျိုးကို နာကြားရခြင်း၊ ဘိက္ခုနီသာသနာ အစတည်သောနေ့ဖြစ်ခြင်း စသည့် ကောင်းခြင်းများနှင့်ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ထိုမျှသာမက နယုန်လတွင် ရှေးမြန်မာမင်းများက လယ်ထွန်မင်္ဂလာပွဲများ ပြုလုပ်လေ့ရှိပြီး ရဟန်းသံဃာများအတွက်လည်း စာတော်ပြန်ပွဲများ ကျင်းပလေ့ရှိပါသည်။

လူအပေါင်းတို့ နေထိုင်ချင်စဖွယ်ကောင်းသော ၎င်းရာသီကာလ နယုန်လသည် ထူးကဲလှပါသည်။ ထို့ကြောင့် နယုန်လတွင် ကုသိုလ်ကောင်းမှုများပြုသင့်ကြပါသည်။ နယုန်လပြည့်နေ့တွင် ထူးမြတ်သည့် မြတ်စွာဘုရားရှင်ဟောကြားသော တရားထူးများနှင့် ဂုဏ်ထူးဝိသေသများကို မှတ်သားအာရုံပြုကာ မဟာသမယသုတ်တော်ကို ရွတ်ဆိုပွားများအားထုတ်ခြင်းဖြင့် ကျက်သရေမင်္ဂလာအဖြာဖြာတိုးပွားဝေစည်လာမည် ဖြစ်ပါသည်။ ။

# ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ကွန်ပျူတာသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ကျောက်ဆည် မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကွန်ပျူတာသင်တန်းများ ပို့ချပေးပြီး သင်တန်းပြီးဆုံးချိန်တွင် သင်တန်းဆင်းလက်မှတ်များပေးအပ်ပွဲနှင့် ကွန်ပျူတာစွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီတွင် ကျောက်ဆည်မြို့ရှိ ရွှေဖောင်ဒေးရှင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးသောင်းတင်က အမှာစကားပြောကြားပြီး ကွန်ပျူတာနည်းပြဆရာမ ဒေါ်ညွန့်ညွန့်အေးက အောင်လက်မှတ်နှင့် ဆုပေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အောင်လက်မှတ်နှင့် ဆုများကို ဒုတိယဝန်ကြီး ဦးသောင်းတင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့်တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြသည်။ အခမ်းအနားသို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းထိုင်ဆရာတော်ကြီးများ၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ KMD Foundation မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကွန်ပျူတာနည်းပြများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ကျောက်ဆည်မြို့နယ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၄ ကျောင်းရှိပြီး ယခုကျင်းပသော အခမ်းအနားသည် KMD Foundation နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ပူးပေါင်းကျင်းပခြင်း၏ ပထမဆုံးအကြိမ်ဖြစ်ပြီး နောင်နှစ်များတွင်လည်း ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



**ဒုတိယဝန်ကြီး ဦးသောင်းတင် ကျောက်ဆည်မြို့ ကွန်ပျူတာသင်တန်း ထူးချွန်သူများအား ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

# ကျောင်းသားနှစ်သိန်းကျော်ကို သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတပေးမည့် Colgate ကုမ္ပဏီ

**နေပြည်တော် မေ ၃၁**

Colgate သွားတိုက်ဆေးကုမ္ပဏီသည် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များအသင်းတို့နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံရှိ ကလေးနှစ်သိန်းကျော်ကို သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း Colgate-Palmolive ၏ ပရော်ဖက်ရှင်နယ်အမှုဆောင် ဒေါက်တာစိုးမင်းအောင်က မေ ၂၉ ရက်က ပြောကြားခဲ့သည်။

ယင်းအစီအစဉ်အရ Colgate ကုမ္ပဏီမှ လေ့ကျင့်သင်ကြားပေးထားသော ဆရာများက ကလေးများအား စနစ်တကျသွားတိုက်မှုနှင့် ကျန်းမာသည့် ခံတွင်းဖြစ်ရေး ပြုစုစောင့်ရှောက်မှုအလေ့အထများကို သင်ကြားပေးမည်ဖြစ်ပြီး သင်ကြားရာတွင် မြန်မာနိုင်ငံအနှံ့ရှိ အစိုးရကျောင်းများမှ အသက် ကိုးနှစ်ရှိ ငါးတန်းကျောင်းသားအများစုကို ဦးစားပေးသင်ကြားပေးမည်ဖြစ်ကြောင်း၊ ခံတွင်းကျန်းမာရေးဆိုင်ရာ ဗဟုသုတပေးရာတွင် ငါးတန်းကလေးများမှာ အသင့်လျော်ဆုံးနှင့် အကောင်းဆုံးအရွယ်ဖြစ်ကြောင်း ဒေါက်တာစိုးမင်းအောင်က ဆိုသည်။

Colgate ကုမ္ပဏီသည် သွားနှင့်ခံတွင်းကျန်းမာရေးနှင့်ပတ်သက်ပြီး လာမည့်ဇွန်လတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆရာ ဆရာမ ၁၀၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ မေလက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆရာ ဆရာမ ၂၀၀၀ ကျော်ကို သင်ကြားပေးခဲ့ပြီးဖြစ်သည်။

၎င်းအစီအစဉ်သည် ၂၀၁၃ ခုနှစ်စက်တင်ဘာလကစပြီး အစိုးရကျောင်းရှိ ကလေးများအား ခံတွင်းကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို ဖြန့်ဝေပေးခဲ့သည်။ Colgate ၏ သွားနှင့် ခံတွင်းကျန်းမာရေးအစီအစဉ်သည် နိုင်ငံပေါင်း ၈၀ ရှိ ကလေးအရေအတွက် သန်း ၅၀၀ ကျော်ကို အသိပညာဗဟုသုတဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များအသင်းက ထုတ်ပြန်ထားသောစစ်တမ်းတစ်ခုအရ မြန်မာနိုင်ငံရှိ ငါးနှစ်အရွယ်ကလေးများ၏ ၈၀ ရာခိုင်နှုန်းမှာ သွားပိုးစားနေကြကြောင်းနှင့် ကမ္ဘာ့သွားဆရာဝန်များအဖွဲ့ချုပ်၏ အစီရင်ခံစာတစ်ခုအရ ကမ္ဘာ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းမှာ ခံတွင်းရောဂါကို ခံစားရမည်ဖြစ်ကြောင်း ဆိုသည်။ **(ကျော်သဲအိမ်)**

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လခချုပ်
ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။





**အမည်ပြောင်း**

အ.ထ.က ၃ တာမွေ၊ ဒုတိယတန်း (Grade-3) မှ အဖ ဦးကိုကိုဇော် (၁၂/ရကန(နိုင်)၀၀၃၁၁၄)၏သားဖြစ်သူ မောင်ဖွဲ့ထက်မြတ်ကိုအား မောင်ညီအုံ့ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ညီအုံ့ဇော်**

**အမည်မှန်**

တောင်ကြီးမြို့၊ အေးသာယာမြို့၊ အလက(၃)တွင် ပညာသင်ကြားနေသော ဦးမျိုးကျော်၏သား မောင်ဇေယျာအောင်၏ အမည်မှန်မှာ မောင်ဇင်မင်းထွဋ်ဖြစ်ပါကြောင်း။ **မောင်ဇင်မင်းထွဋ်**






# တတိယအကြိမ် အမျိုးသားသတင်းဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မေ ၃၁**

**မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ တတိယအကြိမ်မြောက် အမျိုးသားသတင်းဆု (National Press Award) ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုဟိုတယ်၌ ကျင်းပသည်။**



သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း သတင်းကာတွန်းဆုရ ဦးရွှေထူးအား ဆုချီးမြှင့်စဉ်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် သတင်းသူရဲကောင်းဆုရ သတင်းစာဆရာကြီး ဖိုးသောကြာ(ခေတ်+မိုး)အား ဆုချီးမြှင့်စဉ်။

ယနေ့ ကျင်းပသည့် တတိယအကြိမ် (၂၀၁၄-၂၀၁၅) အမျိုးသားသတင်းဆုချီးမြှင့်ပွဲတွင် သတင်း သူရဲကောင်းဆု၊ အကောင်းဆုံး သတင်းကာတွန်းဆု၊ အကောင်းဆုံး သတင်းဓာတ်ပုံဆုနှင့် အကောင်းဆုံး သတင်းရုပ်/သံဆု စုစုပေါင်း (၄) မျိုးကို ပေးအပ်ချီးမြှင့်ခဲ့သည်။

သတင်းသူရဲကောင်းဆုကို သတင်းစာဆရာကြီး ဖိုးသောကြာ (ခေတ်+မိုး)၊ သတင်းကာတွန်းဆုကို ဦးရွှေထူး (ပြည်)၊ သတင်းဓာတ်ပုံဆုကို ဦးစိုးဇေယျာထွန်းနှင့် သတင်းရုပ်သံဆုကို DVB သတင်းဌာနတို့မှ ရရှိခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် အဖွဲ့အစည်းများမှ ပေးပို့လာသောသဝဏ်လွှာများကို ကိုယ်စားလှယ် အသီးသီးက ဖတ်ကြားကြသည်။

ထို့နောက် အမျိုးသားသတင်းဆု ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းငြိမ်းက တတိယအကြိမ် (၂၀၁၄-၂၀၁၅) အမျိုးသားသတင်းဆု ပေးအပ်ခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးရဲထွဋ်၊ ဦးအောင်မင်းနှင့် အငြိမ်းစား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့က ဆုချီးမြှင့်ကြပြီး ဆုရရှိသူများကိုယ်စား ဆရာကြီးဖိုးသောကြာ (ခေတ်+မိုး)က ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ ပြုလုပ်သည့် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးရဲထွဋ်၊ အမျိုးသားသတင်းဆုကော်မတီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်နှင့် မြန်မာစာနယ်ဇင်းသမဂ္ဂတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဆုရရှိကြသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပထမအကြိမ် အမျိုးသားသတင်းဆုကို ၂၀၁၂ ခုနှစ် မတ် ၁၈ ရက်နှင့် ဒုတိယအကြိမ် အမျိုးသားသတင်းဆုကို ၂၀၁၃ ခုနှစ် မေ ၃ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် အမျိုးသားသတင်းဆုကော်မတီ (၂၀၁၂ ပြက္ခဒိန်အတွက်)ကို ဖျက်သိမ်းခဲ့ပြီး ၂၀၁၃ ခုနှစ်အတွက် အမျိုးသားသတင်းဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပနိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွက် အမျိုးသားသတင်းဆုကော်မတီကို ၂၀၁၅ ခုနှစ် ဧပြီ ၁၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး သတင်းဆုချီးမြှင့်ရာတွင် အမျိုးသားသတင်းသူရဲကောင်းဆု (National News Hero Award) ကို ထပ်မံဖြည့်စွက်၍ ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ယမန်နှစ်များက ပေးအပ်ခဲ့သော အခြားဆုများကိုမူ ချီးမြှင့်နိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စွန့်ပစ်အမှိုက်များကို တစ်နေ့ကျပ် ၄၀ နှုန်းဖြင့် ပုဂ္ဂလိကကုမ္ပဏီက နေ့စဉ်ဆောင်ရွက်ပေးမည်

**ရန်ကုန် မေ ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန် ကနောင်ခန်းမ၌ စွန့်ပစ်အမှိုက်များအား သိမ်းဆည်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများ ပုဂ္ဂလိကကုမ္ပဏီသို့လွှဲပြောင်းပေးရေးနှင့်ဆက်စပ်၍ ရှင်းလင်းခြင်း အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးလှဝင်းအောင်က စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများသို့ လွှဲပြောင်းပေးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်များအတွင်း စွန့်ပစ်အမှိုက်များအား သိမ်းဆည်းခြင်းလုပ်ငန်းများကို တင်ဒါရရှိလုပ်ကိုင်ဆောင်ရွက်ပေးမည့် TYTC SERVICES CO.,LTD မှ တာဝန်ရှိသူတစ်ဦးက မြို့နယ်ရပ်ကွက်နေ မိဘပြည်သူတို့ နေ့စဉ်နှင့်အမျှ စွန့်ပစ်ထားသည့် စားကြွင်းစားကျန်အမှိုက်မျိုးစုံတို့ကို ခေတ်မီစက်ကိရိယာများ၊ အထူးအမှိုက်သိမ်းယာဉ်များအသုံးပြုပြီး နေ့စဉ် အချိန်မှန်တာဝန်ယူ သိမ်းဆည်းဆောက်ရွက်ပေးသွားမည့်အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းညှိနှိုင်းဆုံးဖြတ်ချက်အရ အမှိုက်သိမ်းခွန်ကျသင့်နှုန်းထားမှာ တစ်နေ့လျှင် ၄၀ ကျပ်နှုန်းသာ ပေးဆောင်ရမည်ဖြစ်ကြောင်း ပရိုဂျက်တာဖြင့် လုပ်ငန်းဆောင်ရွက်မှုကိစ္စအရပ်ရပ်ကို ရှင်းလင်းပြောကြားသည်။ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖတို့၏ မေးမြန်းမှုများကို ဒုတိယဌာနမှူး ဦးလှဝင်းအောင်က ရှင်းလင်းဖြေကြားခဲ့သည်။

**မင်းထက်ပိုင် (လှိုင်သာယာ)**

# လယ်ဝေးမြို့တွင် မိုးနှမ်းအပါအဝင် သီးနှံစုံစိုက်ပျိုးအောင်မြင်လျက်ရှိ

**နေပြည်တော် မေ ၃၁**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် မေလ ဒုတိယပတ်နှင့် တတိယပတ်တို့၌ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် နွေနှမ်းသီးနှံအပါအဝင် မိုးနှမ်း၊ အစေ့ထုတ်ပြောင်း၊ သီးနှံတို့ကို ပေါင်းလိုက်ခြင်း၊ ကြားထွန်လိုက်ခြင်းတို့ဖြင့် လုပ်အားခငွေကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ အထိ နေ့စဉ် ရရှိလျက်ရှိကြောင်း သိရသည်။

လယ်ဝေးမြို့ဟောင်းလမ်းပေါ်ရှိ ကြောင်ရေ၊ နောင်ဘိုရွာတို့တွင် အစောစိုက်နှမ်းများ ပွင့်သီးလျက်ရှိပြီး မကြာမီ နုတ်သိမ်းတော့မည်ဖြစ်သည်။ သဲကောရွာ၊ ကူသပိတ်ရွာတို့တွင် ဖရုံစိုက်ခင်းများ အသီးတင်လျက်တွေ့ရသည်။ ကူသပိတ်ကျေးရွာမှ တောင်သူ ဦးလွင်က "မနှစ်ကဖရုံဈေးကောင်းရတဲ့အတွက် ဒီနှစ်မှာ ဧပြီလဆန်းမှ စတင်စိုက်ပျိုးပါတယ်။ မကြာခင် ရောင်းတန်းဝင်အသီးတွေရတော့မှာပါ။ ဖရုံပြီးလျှင် မိုးစပါးစိုက်မှာဖြစ်ပြီး ဒီမြေမှာတော့ အဆင်ပြေပြေစိုက်လို့ရတဲ့အတွက် နောက်လမှာ လေဆိပ်ဘေးမှာ ဖရုံသီးတွေ တောင်လိုပုံနေလို့ ဝင်ငွေများကောင်းမှာ ဖြစ်ပါတယ်"ဟု ပြောပြသည်။

လယ်ဝေးမြို့နယ်တွင် မိုးသီးနှံနှစ်စဉ် ဧက ၅၀၀၀ ကျော်စိုက်ပျိုးလျက်ရှိပြီး နှမ်းစိုက်ဧကအများဆုံးမြို့နယ်ဖြစ်ကြောင်း၊ မိုးသီးနှံများအထွက်နှုန်းတိုးပြီး ဈေးနှုန်းကောင်းကောင်းရရှိရန် တောင်သူများမျှော်လင့်နေကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**









လယ်ဝေးမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ စက်ဘီးမတော်တဆမှုကြောင့် ပေါင်ကျိုး

**ဂျီနီဗာ မေ ၃၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ပြင်သစ်အဲလ်ပတ်စ် တောင်တန်းဒေသတွင် စက်ဘီး မတော်တဆမှုဖြစ်ပွားခြင်းကြောင့် ညာဘက်ပေါင်ရိုးကျိုးသွားခဲ့ကြောင်း သတင်းများအရ သိရသည်။

အသက် (၇၁)နှစ်အရွယ်ရှိသည့် ဂျွန်ကယ်ရီသည် ခြေထောက်ဒဏ်ရာ ရရှိမှုကြောင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း ကယ်ရီ၏ ကိုယ်ရေးအရာရှိက ဆိုသည်။

ကယ်ရီသည် အီရန်နျူကလီးယားအရေး ဆွေးနွေးပွဲတက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိနေစဉ် ခြေထောက်ဒဏ်ရာရရှိမှုကြောင့် မက်ဒရစ်နှင့် ပါရီမြို့များသို့ အလည်အပတ်သွားရောက်ရန် အစီအစဉ်များကို ဖျက်သိမ်းလိုက်ရသည်။

ကယ်ရီ စက်ဘီးမတော်တဆမှု ဖြစ်ပွားစဉ် သူ၏ဘေး၌ ဆေးလုပ်သားများနှင့် ဆရာဝန်တစ်ဦးရှိနေခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ထည့်သွင်းဖော်ပြထားသည်။ ညာဘက်ပေါင်ရိုးကျိုးသွားသော်လည်း သူ၏ ကျန်းမာရေးအခြေအနေမှာ ပုံမှန်အနေအထားတွင်ရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်ထဲတွင် ဖော်ပြထားသည်။

ကယ်ရီသည် ဇွန် ၁ ရက်တွင် မက်ဒရစ်မြို့၌ ကာကွယ်ရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးရန်နှင့် ဇွန် ၂ ရက်တွင် ပါရီမြို့၌ကျင်းပမည့် အိုင်အက်စ် စစ်သွေးကြွများကို ချေမှုန်းနိုင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန်စီစဉ်ထားပြီးဖြစ်သော်လည်း ရုတ်တရက် ခြေထောက်ဒဏ်ရာရရှိမှုကြောင့် အမေရိကန်နိုင်ငံ ဘော်စတွန်မြို့သို့ ဆေးကုသမှုခံယူရန် ပြန်ရမည်ဖြစ်သည်။

ကယ်ရီက စက်ဘီးစီးနင်းရသည်ကို အလွန်အမင်းနှစ်ခြိုက်ပြီး ခရီးရက်ရှည်ထွက်သည့်အခါတွင် သူ၏ စက်ဘီးကို ယူဆောင်သွားလေ့ရှိသည်။

**ဆင်ဟွာ။**







# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပစိဖိတ်သမုဒ္ဒရာဖြတ် မာရသွန်ခရီးရှည် စတင်ပျံသန်း

**နန်ကျင်း မေ ၃၁**

ဆွစ်ဇာလန်နိုင်ငံလုပ် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse 2 သည် တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်းစုပြည်နယ် နန်ကျင်းမြို့တော် နန်ကျင်းလူကို နိုင်ငံတကာလေဆိပ်မှ အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်သို့ မေ ၃၁ ရက်က ပျံသန်းထွက်ခွာသွားခဲ့သည်။

နန်ကျင်းမှ ဟာဝိုင်ယီသို့ ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပျံသန်းရမည့် ခရီးအကွာအဝေးသည် ကီလိုမီတာ ၈၀၀၀ (၄၉၇၁ မိုင်) ရှိပြီး လေယာဉ်မှူးတစ်ဦးတည်းက ငါးရက် ငါးညခန့် ထိန်းချုပ်မောင်းနှင်သွားရမည်ဖြစ်သည်။

ခရီးစဉ်ပျံသန်းမှုဆိုင်ရာ ညွှန်ကြားရေးမှူး ရေမွန်ကာလီက နေရောင်ခြည်စွမ်းအင်သုံး လေယာဉ် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပျံသန်းမှုမပြုမီ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံအနောက်မြောက်ပိုင်းတို့မှ လေယာဉ်ပျံသန်းနေသည်ကို မြင်နိုင်ဖွယ်ရှိပြီး ခြောက်ရက်မြောက် ညနေတွင် ဟာဝိုင်ယီသို့ ဆိုက်ရောက်မည်ဟု ပြောကြားသည်။ ယင်းခရီးစဉ်ကို လေယာဉ်မှူး ဘောရှ်ဘာ့ဂ်ျက နာရီပေါင်း ၁၃၀ ခန့်ကြာ တစ်ဦးတည်း ထိန်းချုပ်မောင်းနှင်သွားမည်ဖြစ်သည်။

အဆိုပါလေယာဉ်သည် အမေရိကန်နိုင်ငံမှတစ်ဆင့် ဥရောပသို့ ပျံသန်းသွားမည်ဖြစ်ပြီး နောက်ဆုံးတွင် မူလထွက်ခွာရာနေရာ အဘူဒါဘီမြို့သို့ ပြန်လည်ဆိုက်ရောက်မည်ဖြစ်သည်။

**ဆင်ဟွာ။**

# ဆော်ဒီ ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့မှ စစ်လေယာဉ်များ ယီမင်မြို့တော်ရှိ စစ်အခြေစိုက်စခန်းများအား တိုက်ခိုက်

**ဆာနား မေ ၃၁**

ယီမင်နိုင်ငံ ဆာနားမြို့ရှိ ဟူသီသူပုန်များနှင့် မဟာမိတ်ပြုထားသည့် ယီမင်စစ်ဘက်အခြေစိုက်စခန်းများအား ဆော်ဒီအာရေဗျ ဦးဆောင်သောညွန့်ပေါင်းအဖွဲ့မှ စစ်လေယာဉ်များက မေ ၃၀ရက် ညလုံးပေါက်နှင့် မေ ၃၁ရက် နံနက် အစောပိုင်းထိ တိုက်ခိုက်ခဲ့ကြောင်း ဆာနားမြို့ ဒေသခံများက ပြောကြားသည်ဟု ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဆာနားလေဆိပ်အနီးရှိ လေတပ်အခြေစိုက်စခန်းနှင့် သမ္မတနန်းတော်ဝင်းအား အပေါ်စီးမှကြည့်နေနိုင်သော စစ်စခန်းတစ်ခုတို့ကို လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယီမင်သမ္မတအက်ဗ်ရာ ဘူမန် ဆာဟာဒီ ပြန်လည်အာဏာရရှိရေးအတွက် ဆော်ဒီအာရေဗျ ဦးဆောင်သော ညွန့်ပေါင်းနိုင်ငံတို့သည် ယခုနှစ်မတ်လအတွင်းမှ စတင်၍ ယီမင်နိုင်ငံအတွင်း၌ လေကြောင်းတိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့သည်။

အီရန်က ထောက်ခံအားပေးသည့် ဟူသီသူပုန်များသည် ယခုနှစ်စက်တင်ဘာလအတွင်းက မြို့တော် ဆာနားကို သိမ်းယူခဲ့ပြီး ၎င်းတပ်ဖွဲ့များက ယီမင်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့ ထိုးဖောက်လာပြီးနောက် မတ်လတွင် ယီမင်သမ္မတဟာဒီသည် နိုင်ငံမှ ထွက်ပြေးခဲ့ရသည်။

မေ၃၀ရက်တွင် ဆော်ဒီအာရေဗျ နိုင်ငံ အနောက်တောင်ပိုင်းရှိနယ်စပ်မြို့ နတ်ဂျက်ရန်အား ဟူသီသူပုန်များက ဒုံးကျည်စင်းရေ ၂၀ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဟူသီအဖွဲ့၏ ရုပ်မြင်သံကြားမှကြေညာခဲ့သည်။

ယီမင်နိုင်ငံတွင်းမှ ဒုံးကျည်များဖြင့် ပစ်ခတ်မှုကြောင့် နတ်ဂျက်ရန်ဒေသတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆော်ဒီအာရေဗျနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယီမင်နိုင်ငံတွင် ယခုနှစ်မတ်လ ၁၉ ရက်ကတည်းက ဖြစ်ပွားခဲ့သော လက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် ပြည်သူ ၁၈၇၀ ကျော်သေဆုံးပြီး ၇၀၀၀ ကျော်ဒဏ်ရာရခဲ့ကြောင်း ကုလသမဂ္ဂကပြောကြားသည်။

**ရိုက်တာ။**



# အကျဉ်းကျခံခေါင်းဆောင်များကို မတွေ့ရန် သမ္မတဟောင်းများအား ဗင်နီဇွဲလားအစိုးရ ပိတ်ပင်

**ကရာကတ်(စ်) မေ ၃၁**

အစိုးရကို ဆူပူဆန့်ကျင်ရန် အားပေးအားမြှောက် ပြုလုပ်သည်ဟု စွပ်စွဲချက်များဖြင့် ထောင်ကျနေသည့် အတိုက်အခံခေါင်းဆောင်များထံသို့ သမ္မတဟောင်းနှစ်ဦးက သွားရောက်တွေ့ဆုံမည်ကို ဗင်နီဇွဲလားအစိုးရက တားမြစ်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ကိုလံဘီယာ သမ္မတဟောင်း အန်းဒရီး(စ်) ပတ်စ်ထရာနာနှင့် ဘိုလီးဘီးယားသမ္မတဟောင်း ဂျော့ကွီရိုဂါတို့ နှစ်ဦးကို မြို့တော်ဝန်ဟောင်း ဒါနီရဲလ်စီဘောလို့(စ်)နှင့် အတိုက်အခံခေါင်းဆောင် လီယိုပိုလ်ဒိုလိုပက်(ဇ်)တို့ထံ သွားရန်ခွင့်မပြုဟု ဆိုသည်။ ၎င်းထောင်ကျနေသူနှစ်ဦးတို့သည် လွန်ခဲ့သည့် ရက်သတ္တပတ်တွင် အစာငတ်ခံဆန္ဒပြခဲ့ကြသည်။

အဆိုပါသမ္မတနှစ်ဦးသည် အစိုးရကို ပြည်သူများ အမုန်းပွားဆန့်ကျင်ရန် လှုပ်ရှားမှု ပြုလုပ်ခြင်းဖြစ်သည်ဟု အစိုးရတာဝန်ရှိသူများက ပြောသည်။

ဗင်နီဇွဲလားနိုင်ငံ၏ တရားစီရင်ရေးသည် လွတ်လပ်မှုရှိကြောင်း၊ ထိုအကျဉ်းသားနှစ်ဦးသည် ရာဇဝတ်မှုကျူးလွန်ကြသူများဖြစ်ကြောင်း သမ္မတနီကိုလပ်(စ်)မာဒူရိုက ပြောသည်။

သို့သော် အတိုက်အခံတို့ကို ထောက်ခံသူများနှင့် လူ့အခွင့်အရေးအုပ်စုများက ၎င်းအကျဉ်းသားနှစ်ဦးမှာ နိုင်ငံရေးနောက်ခံအကြောင်းရင်းများကြောင့် ထောင်ချခံရခြင်းဖြစ်ကြောင်း၊ သမ္မတမာဒူရိုသည် ၎င်း၏အတိုက်အခံများကို နှိမ်နင်းလျက်ရှိကြောင်း ပြောကြားကြသည်။

**ရိုက်တာ။**

# နီပေါနိုင်ငံတွင် စာသင်သားများအတွက် ယာယီစာသင်ခန်းများဖွင့်လှစ်

**ခတ္တမန္ဒူ မေ ၃၁**

နီပေါနိုင်ငံတွင် ဧပြီလက အင်အားပြင်းငလျင်များ လှုပ်ခတ်မှုကြောင့် ကျောင်းထောင်ပေါင်းများစွာပျက်စီးဆုံးရှုံးသွားသဖြင့် စာသင်သားများအား ယာယီစာသင်ခန်းများဖွင့်ပြီး ပညာသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဧပြီလတွင် ပြင်းအား ၇ ဒသမ ၈ ရှိသောငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၈၀၀၀ကျော် သေဆုံးခဲ့ပြီး ကျောင်းအဆောက်အအုံ ၈၀၀၀ ခန့်ပျက်စီးဆုံးရှုံးကာ စာသင်ခန်းပေါင်း ၂၅၀၀၀ ကျော်ပျက်စီးခဲ့သည်။

ကျောင်းအဆောက်အအုံများပျက်စီးသွားသဖြင့် ဝါး၊ သစ်သားနှင့်မိုးရေကာဖျင်များအသုံးပြုပြီး စာသင်သားများအတွက် ယာယီစာသင်ခန်းများ ဆောက်လုပ်ပေးထားကြောင်း သိရသည်။

ငလျင်ကပ်ဆိုးကြီးမှ စိတ်သက်သာရာရစေရန် ရည်ရွယ်ပြီး ကလေးငယ်များအား စာသင်ကြားရာတွင် အုပ်စု၊အဖွဲ့လိုက် သင်ယူရသည့် သင်ကြားနည်းစနစ်များကို ရွေးချယ်အသုံးပြုလျက်ရှိသည်။

**ဆင်ဟွာ။**

# သတ်မှတ်ထားသော ကျွမ်းကျင်မှုအဆင့်နှင့်အညီ နည်းပညာနှင့် သက်မွေးပညာများ သင်ကြားပေးရမည်

**နေပြည်တော် မေ ၃၁**

အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကျောင်းများတွင် နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ ပညာရေးကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အမျိုးသားကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့ (National Skill Standard Authority - NSSA) မှ သတ်မှတ်ထားသည့် ကျွမ်းကျင်မှုအဆင့်များနှင့်အညီ Skill Level-1 နှင့် Skill Level-2 အဆင့်ရရှိရေးအတွက် နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ ကာလတိုသင်တန်းများကို G.T.I များနှင့် G.T.H.S များတွင် Polytechnic Center များဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးကြရမှာဖြစ်ကြောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း (G.T.H.S) များတွင် Skill Level-3 နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (G.T.I) ကျောင်းများတွင် Skill Level-4 အထိရောက်အောင် ကျွမ်းကျင်သူများအဖြစ် လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန် လိုအပ်ပါကြောင်း၊ ဒေသမှလိုအပ်သည့် ဘာသာရပ်များအားလုံး သင်ကြားပေးနိုင်ရန် Polytechnic Center များ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သို့မှသာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ၊ ဆရာမများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း၊ နောင်တွင် Polytechnic School များ၊ Polytechnic Institute များ ဖွင့်လှစ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က နည်းပညာနှင့် သက်မွေးပညာဆိုင်ရာဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားခဲ့ပြီး နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နည်းပညာနှင့်သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့သည်။




ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ ကျောင်းအုပ်ကြီးများက သင်ကြားရေး၊ စီမံရေးရာနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ခရီးသွားဧည့်သည်ဝင်ရောက်မှုနည်းချိန်ဖြစ်၍ အင်းဝဒေသမှမြင်းလှည်းများ တွက်ခြေမကိုက်

**အင်းဝ မေ ၃၁**

မြန်မာနိုင်ငံတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ အများဆုံးဝင်ရောက်သည့်လများမှာ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ ဆိုသည့် ဘာလေးဘာဟု အတိုကောက်မှတ်သားလေ့ရှိသည်။ ခရီးသွားရာသီမဟုတ်သည့် ပူပြင်းသောနွေကာလတွင် မန္တလေးမြို့နှင့် အနီးတစ်ဝိုက် လေ့လာစရာသမိုင်းဝင်နေရာများဖြစ်သော မန္တလေး၊ အမရပူရ၊ အင်းဝ၊ မင်းကွန်းဒေသနှင့် စစ်ကိုင်းမြို့များတွင် ခရီးသွားဧည့်သည် အဝင်နည်းကြောင်း သိရသည်။

အင်းဝဒေသတွင် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်နိုင်ရန် အိုးတုတ္တန်းတွင် မြင်းလှည်းများ ထိုးထားကြသည်။ လက်ရှိကာလ ရာသီဥတုပူပြင်းချိန်တွင် ခရီးသွားဧည့်သည်အဝင်နည်းနေသည့်အတွက် မြင်းလှည်းဆရာများ တွက်ခြေမကိုက်ဘဲဖြစ်နေသည်။ မြင်းလှည်းများ ခရီးသွားဧည့်သည်ပို့ဆောင်ရာတွင် မြင်းလှည်းတစ်စီးလျှင် ဧည့်သည်နှစ်ယောက်နှုန်းတင်ဆောင်ပြီး ဧည့်လမ်းညွှန်ပါပါက ၎င်းကို အခမဲ့တင်ဆောင်ပေးကြရသည်။ ဧည့်သည်တစ်ဦးလျှင် မြင်းလှည်းခ ငွေကျပ် ၄၀၀၀ နှုန်းဖြင့် နှစ်ယောက် ငွေကျပ် ၈၀၀၀ ယူကြောင်း သိရသည်။

မြင်းလှည်းဆရာများအခေါ်အဝေါ် ဆိုက်စည်းအရ ဧည့်သည်များကို နေရာ လေးနေရာ ပို့ပေးရသည်။ လက်ရှိကာလဒေသအခေါ် ခရုပတ်တွင်ပင် မြင်းလှည်း ၁၅၀ ခန့် ဂိတ်ထိုးပြီး ဧည့်သည်ပါးသည့်အတွက် မြင်းလှည်းအများစုမှာ နားနေရသည်။ နိုင်ငံခြားသား ခရီးသွားဧည့်သည် အဝင်နည်းနေသည့်အတွက် နံပါတ်စဉ်(၁၃)(၁၄)ကိုပင် မွန်းလွဲ ၁ နာရီခန့်မှ ရောက်လေ့ရှိသည်။ အချို့သော မြင်းလှည်းများ အလှည့်မရောက်သည်ပင်ရှိနေသည်။ လက်ရှိကာလတွင် မြင်းလှည်း တစ်ခေါက်ရရန်ပင် အနိုင်နိုင်ပင် ဖြစ်နေကြောင်း အင်းဝဒေသ မြင်းလှည်းဆရာတစ်ဦးက ပြောပြသည်။

**(တိမ်တမန်)**

# ငါးထောင်ကျပ်တန်ငွေစက္ကူအတုများ ကိုင်ဆောင်သုံးစွဲသူအားအရေးယူ ပါဝင်ဆက်နွယ်နေသူအား စုံစမ်းရှာဖွေဆဲ

**အောင်လံ မေ ၃၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပျဉ်းပင်လှကျေးရွာ၌ ငွေစက္ကူအတုဖြင့် ဈေးလာဝယ်သူတစ်ဦးအား သတင်းပေးတိုင်ကြားချက်အရ ခေါ်ယူစစ်ဆေးခဲ့ပြီး တရားဝင်ငွေစက္ကူများမဟုတ်သောကြောင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ၁၀၅ အရ အရေးယူထားကာ ပါဝင်ဆက်နွယ်နေသူအား စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

မေ ၂၀ ရက် နံနက် ၉ နာရီခွဲခန့်တွင် သရက်ခရိုင် အောင်လံမြို့နယ် ပျဉ်းပင်လှကျေးရွာနေ ဦးသန်းကျော်က ၎င်း၏ဈေးဆိုင်သို့ အမျိုးသားတစ်ဦး ငွေကျပ် ၅၀၀၀ တန်ဖြင့် ဈေးလာဝယ်ကြောင်းနှင့် အဆိုပါငွေမှာ အတုဟုယူဆရကြောင်း ဖုန်းဖြင့် အကြောင်းကြားသဖြင့် စကားတောင်ရဲကင်းစခန်းမှူး ရဲအုပ်ကျော်စွာလတ်နှင့်အဖွဲ့သည် ပျဉ်းပင်လှကျေးရွာသို့ သွားရောက်စုံစမ်းခဲ့သည်။ ပျဉ်းပင်လှကျေးရွာတွင် ကိုကိုနိုင်(၄၀)နှစ်အား အနက်ရောင် ဘေးလွယ်အိတ်တစ်လုံး၊ နံပါတ်မပါ တီနာအမျိုးအစားဆိုင်ကယ်တစ်စီးနှင့် မသင်္ကာဖွယ်တွေ့ရှိရ၍ခေါ်ယူစစ်ဆေးရာ ၎င်းဝှက်သိမ်းထားသည့် နေပြည်တော်ရထားလမ်း တံတားအမှတ်(၁၀၁) အနောက်ဘက်ဘေးရှိ ဦးမြစိုး၏ ကြံစိုက်ခင်းဘေး ခြုံပုတ်အတွင်းမှ ငွေကျပ် ၅၀၀၀ တန် ငွေစက္ကူ ၂၇ ရွက်အား တွေ့ရှိသိမ်းဆည်းရမိသည်။ ငွေစက္ကူအတုများ ကိုင်ဆောင်သုံးစွဲသူ ကိုကိုနိုင်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၁၀၅ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ကိုကိုနိုင်အားစစ်ဆေးရာ မေ ၂၉ ရက်တွင် ပြည်မြို့ ဘူတာရုံတွင် ရဲမင်းပိုင်မှ မုန့်ဝယ်ရန် ၎င်းအား ငွေကျပ် ၅၀၀၀ တန် တစ်ရွက် ထုတ်ပေးခဲ့ကြောင်း၊ ၎င်းငွေမှာ တစ်မျိုးကြီးဖြစ်နေ၍ ရပါ့မလားဟု မေးမြန်းခဲ့ရာ ရဲမင်းပိုင်မှ "သွားဝယ်လိုက်ပါရတယ်" ဟုပြန်ပြောသဖြင့် မုန့်သွားဝယ်ခဲ့ရာ ဝယ်ယူ၍ရရှိခဲ့ကြောင်း၊ ထို့နောက် ဘူတာရုံတွင် ရဲမင်းပိုင်နှင့် အတူအိပ်ခဲ့ပြီး မေ ၃၀ ရက် နံနက်ပိုင်းတွင် ၎င်းနှင့်အတူ ပြည်မှ အောင်လံသို့ ဆိုင်ကယ်ဖြင့် ပြန်လာခဲ့ကြောင်း၊ အောင်လံမြို့နယ် ပျဉ်းပင်လှကျေးရွာသို့ရောက်ရှိစဉ် ၎င်းတို့စီးလာသော ဆိုင်ကယ်ပျက်၍ ပြင်နေစဉ် ရဲမင်းပိုင်က သရက်မြို့သို့ပြန်သွားခဲ့ကြောင်း၊ ၎င်းအား ဆိုင်ကယ်ပြင်ခပေးရန်နှင့် ဗိုက်ဆာပါက ဝယ်စားရန်အတွက် ငွေကျပ် ၅၀၀၀ တန် ၂၇ ရွက်ပေးခဲ့ကြောင်း၊ ပျဉ်းပင်လှရွာရှိ ဈေးဆိုင်တွင် မုန့်ဝယ်ခဲ့ရာ ဆိုင်ရှင်က မင်းပိုက်ဆံက အတုကြီးဟုပြောဆိုခဲ့သဖြင့် ကြောက်လန့်ပြီး ငွေကျပ် ၅၀၀၀ တန် (၂၇)ရွက်အား ပြည်-အောင်လံရထားသံလမ်းဘေးရှိ ကြံစိုက်ခင်းအတွင်း ဝှက်ထားခဲ့ကာ ပျဉ်းပင်လှရွာသို့ ပြန်လာစဉ် အဖမ်းခံခဲ့ရကြောင်း ထွက်ဆိုသဖြင့် ရဲမင်းပိုင်အား ဖမ်းဆီးရမိရေး စုံစမ်းရှာဖွေလျက်ရှိကြောင်း သရက်ခရိုင် ရဲတပ်ဖွဲ့ရုံးမှ သိရသည်။

**(ကိုကြီးပိုင်)**


# ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ကွမ်းခြံကုန်း မေ ၃၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရေးအတွက် ကျေးလက်နေလူငယ်များ၏ အသိပညာများ၊ စွမ်းဆောင်ရည်များဖွံ့ဖြိုးလာစေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန်ရည်ရွယ်၍ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ မေ ၂၈ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ကူးအရှေ့ကျေးရွာတွင် ကျေးလက်လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၃)ကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက သင်တန်းပို့ချခဲ့ပြီး ကျေးရွာ ၂၄ ရွာမှ သင်တန်းသား ၃၉ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ညဏ်လင်းစိုး(ကျေးလက်)**



# နယုန်လပြည့်နေ့

ဦးကျော်စိန် (မန္တလေး)

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် "နယုန်လ"သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အလေးအမြတ်ထား သတ်မှတ်အပ်သောလဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် နယုန်လပြည့်နေ့၌ အံ့သြဖွယ်ကောင်းလှအောင် များပြားလှသော နတ်၊ ပြဟ္မာပရိသတ်တို့ အစည်းအဝေးရောက်ရှိစဉ် "မဟာသမယသုတ်" တရားတော်ကို ဟောကြားတော်မူပါသည်။ ဟောကြားတော်မူခြင်း၏ အကြောင်းမှာ-

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် စတုတ္ထဝါအရောက်၌ မဇ္ဈိမဒေသတွင် ကပိလဝတ်နှင့် ကောလိယနှစ်ပြည်ထောင်မင်းတို့သည် ရောဟိဏီမြစ်ရေရရှိရေးကို အကြောင်းပြု၍ စစ်ခင်းရန် စစ်မြေပြင်သို့ စုရုံးချီတက်ခဲ့ကြ၏။ ထိုအချိန် မြတ်စွာဘုရား ကြွရောက်တော်မူလာပြီး ငြိမ်းချမ်းရေးကို ရှေးရှု၍ ရန်ပြေမာန်ပြေ တရားတော်တို့ကို ဟောကြားတော်မူရာ နှစ်ပြည်ထောင်မင်းတို့သည် မြတ်စွာဘုရားရှင်၏ တရားတော်ကြောင့် အသိဉာဏ်အမြင်မှန်ရကာ ပြေငြိမ်းအေးချမ်းခြင်းသို့ ရောက်ရှိကြသည်။ တစ်ဖက်လျှင် နှစ်ရာ့ငါးဆယ်စီ နှစ်ပြည်ထောင် မင်းသားငါးရာတို့သည် မြတ်စွာဘုရား သာသနာတော်သို့ဝင်၍ ရဟန်းပြုကြ၏။

ထိုရဟန်းတို့သည် သာသနာတော်၌ မပျော်ပိုက်ကြသည်ကို မြတ်စွာဘုရားရှင် သိတော်မူ၍ ရဟန်းငါးရာတို့အား ဟိမဝန္တာတောအတွင်းရှိ အလွန်မွေ့လျော်ဖွယ်ရာကောင်းသော ကုဏာလအိုင်သို့ ခေါ်ဆောင်ကာ ဂါထာသုံးရာဖြင့် တန်ဆာဆင်အပ်သော ကုဏာလငှက်မင်း၏ ဇာတ်ကြောင်းကို ဟောကြားတော်မူသည်။ ဇာတ်တော်အဆုံး၌ ရဟန်းငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်ငါးရာတို့နှင့်အတူ ကပိလဝတ်ပြည်၏ အနီးဖြစ်သော မဟာဝုန်တောသို့ ကြွချီတော်မူ၍ ထိုရဟန်းငါးရာတို့အား ကမ္မဋ္ဌာန်းကိုပေးတော်မူရာ မကြာမြင့်မီသော ကာလ၌ပင် ထိုရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ရှိတော်မူကြသည်။

ရဟန်းတော်ငါးရာတို့သည် မိမိတို့ရရှိပြီးသော တရားထူးကို လျှောက်ထားရန်နှင့် မြတ်စွာဘုရားကို ဖူးမြော်ရန် နယုန်လပြည့်နေ့ ညချမ်းအချိန်တွင် မြတ်စွာဘုရားထံသို့ စုရုံးရောက်ရှိလာကြ၏။ ဤကဲ့သို့ ထူးခြားသော သံဃာ့အစည်းအဝေးကြီးကို တွေ့မြင်ဖူးတွေ့ကြည်ညိုလိုကြကုန်သော နတ်၊ ပြဟ္မာ၊ အသူရာနှင့် ဂဠုန်၊ နဂါးတို့သည် မဟာဝုန်တောကြီးသို့ အုပ်စုလိုက် စုရုံးရောက်ရှိကြ၏။ ဤသို့ ပရိသတ်များစုံလင်စွာ စည်းဝေးမိသော အချိန်တွင် မြတ်စွာဘုရားရှင်သည် တရားနာရန် ရောက်ရှိနေကြသော နတ်၊ ပြဟ္မာများ၏ အမည်၊ အမျိုးအနွယ်တို့ကို ရဟန္တာငါးရာနှင့် နတ်၊ ပြဟ္မာများအား သိစေလို၍ နတ်၊ ပြဟ္မာတို့အား အမျိုးတူအလိုက် စုပေါင်းကာ အမည်၊ အမျိုးအနွယ်တစ်ခုချင်းစီကို ဖော်ထုတ်ပြီး နှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူခြင်းဖြစ်သည့် "မဟာသမယသုတ်" တရားတော်ကို ဟောကြားတော်မူပါသည်။

> မြတ်စွာဘုရား ကြွရောက်တော်မူလာပြီး ငြိမ်းချမ်းရေးကိုရှေးရှု၍ ရန်ပြေမာန်ပြေ တရားတော်တို့ကို ဟောကြားတော်မူရာ နှစ်ပြည်ထောင်မင်းတို့သည် မြတ်စွာဘုရားရှင်၏ တရားတော်ကြောင့် အသိဉာဏ်အမြင်မှန်ရကာ ပြေငြိမ်းအေးချမ်းခြင်းသို့ ရောက်ရှိကြသည်

ဤကဲ့သို့ နတ်၊ ပြဟ္မာများ စုရုံးစည်းဝေးမိသောအချိန်ကို "မဟာသမယ" ဟုခေါ်၍ နတ်၊ ပြဟ္မာအစည်းအဝေး၌ အမည်၊ နာမ၊ အမျိုးအနွယ်တို့ကို ထုတ်ဖော်မြွက်ကြား နှုတ်ခွန်းဆက်သောအားဖြင့် မိန့်ကြားတော်မူသောစကားများကို "မဟာသမယသုတ်" ဟု ခေါ်ဆိုပါသည်။ ဤ"မဟာသမယသုတ်" တရားတော်ကို ဟောကြားပြီးနောက် မြတ်ဗုဒ္ဓသည် နတ်၊ ပြဟ္မာတို့၏ စရိုက်အားလျော်စွာ-

(၁) "ရာဂ" စရိုက်အားကြီးသူတို့အတွက် "သမ္မာပရိဗ္ဗာဇနိယသုတ်"၊
(၂) "ဒေါသ"စရိုက် အားကြီးသူတို့အတွက် "ကလဟဝိဝါဒသုတ်"၊
(၃) "မောဟ"စရိုက် အားကြီးသူတို့အတွက် "မဟာဗျူဟသုတ်"၊
(၄) "ဝိတက်"စရိုက်အားကြီးသူတို့အတွက် "စူဠဗျူဟသုတ်"၊
(၅) "သဒ္ဓါ"စရိုက် အားကြီးသူတို့အတွက် "တုဝဋ္ဋကသုတ်"၊
(၆) "ပညာ" စရိုက် အားကြီးသူတို့အတွက် "ပုရာဘေဒသုတ်"၊

တရားတော်တို့ကို ဟောကြားတော်မူပါသည်။

တရားတော်မြတ်အဆုံးတွင် နတ်၊ ပြဟ္မာပေါင်း ကုဋေတစ်သိန်းစီ အရဟတ္တဖိုလ်သို့ ရောက်ကြပါသည်။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ် စသည်တို့ကို ရောက်ရှိကြကုန်သော နတ်၊ ပြဟ္မာတို့၏ အရေအတွက်ကား ဂဏန်းချ၍ မပြနိုင်လောက်အောင် များပြားလှ၏ဟု အဋ္ဌကထာတွင် ဖွင့်ဆိုထားပါသည်။ ထို့အပြင် "မဟာသမယသုတ်" ကို နတ်တို့သည် ချစ်ခင်နှစ်သက်မြတ်နိုးကြ၏။ နတ်တို့သည် "မဟာသမယသုတ်" ကို နာကြားကုန်အံ့ဟူ၍ ရှေးရှုထားအပ်သော နားဖြင့် သွားလာလှည့်လည်နေကြ၏။ မြို့သစ်၊ ရွာသစ်၊ တိုက်သစ်၊ အိမ်သစ်၊ အိုးသစ် ထူထောင်ခြင်းစသော မင်္ဂလာအခမ်းအနားတို့၌ "မဟာသမယသုတ်"ကို ရွတ်ဖတ်သရဇ္ဈာယ်သင့်ကြောင်း အဋ္ဌကထာဆရာအရှင်မြတ်က ထုတ်ဆောင်ဖွင့်ပြထားပါသည်။

သို့ပါ၍ "နယုန်လပြည့်နေ့"သည် ငြိမ်းချမ်းရေးမှတ်တိုင်အဖြစ် စိုက်ထူနိုင်သော သာသနာ့သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သည့်အပြင် "နယုန်လပြည့်နေ့"ကို အလေးအမြတ်ထားသတ်မှတ်ရန် ထူးခြားချက်များအဖြစ်-

(၁) ရေလုပွဲကြီးဆင်နွှဲကြသော နှစ်ပြည်ထောင်သားတို့ ငြင်းခုံခိုက်ရန်ဘေးမှ ကင်းရှင်း၍ ထူးခြားခြင်း၊
(၂) ကပိလဝတ်နှင့် ကောလိယနှစ်ပြည်ထောင် စစ်ခင်းတော့မည့်ဘေးအန္တရာယ်မှ ကင်းဝေးပြီး ငြိမ်းချမ်းရေးရသောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၃) နတ်၊ ပြဟ္မာ၊ အသူရာနှင့် ဂဠုန်၊ နဂါးများ၊ ရဟန်းတော်များ ဤတစ်ကြိမ်သာစုရုံးမိသောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၄) မဟာသမယကို အကြောင်းပြု၍ ရန်ဘက်ဖြစ်သော ဂဠုန်နှင့်နဂါးတို့ ခိုက်ရန်မဖက်၊ မေတ္တာသက်ဝင်သောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၅) မဟာသမယဆိုင်ရာ သုတ္တန် (၇)မျိုးကို မြတ်ဗုဒ္ဓဟောကြားသောနေ့ဖြစ်၍ ထူးခြားခြင်းတို့ဖြစ်ပါသည်။

ထို့ကြောင့် ဤထူးခြားချက်များကို အာရုံပြုပြီး ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် "နယုန်လပြည့်နေ့" တွင် "မဟာသမယသုတ်" တရားတော်ကို နာယူကြ၍ ရွတ်ဖတ်သရဇ္ဈာယ်မှု ပြုနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရပါသည်။ ။

## ငြိမ်းချမ်းသာစွ နယုန်လမှသည် . . .

❖ ရောဟိဏီမြစ်၊ ပိုင်းခြားရစ်လည်
တိုင်းပြည်နှစ်ဝ၊ ရန်ပွဲစ၏
ကပိလနှင့်၊ ကောလိယ
❖ သူကအလျှင်၊ ငါအလျှင်နှင့်
လယ်ခွင်ရေသွင်း၊ ပျိုးခင်းအောင်ရေး
သည်အရေးသည်၊ တိုင်းရေးပြည်ရာ
မဟုတ်ပါလော၊ မဟုတ်လော
❖ မြစ်ရေမရ၊ ပျိုးစပင်ညှိုး
မျိုးရေရိက္ခာ၊ ပြဿနာတိုး
စိုက်ပျိုးဖို့ရာ၊ မြစ်ရေသာလျှင်
တို့မှာအဓိက၊ တားမရနိုင်
ရင်ဆိုင်တွေ့ရင်း၊ စစ်ပွဲခင်းမည်
နှစ်ပြည်ထောင်မင်း၊ အချင်းများကာ
ချီတက်လာပြီ၊ ရောဟိဏီမြစ်-ကမ်းနှစ်မြွာ
❖ သာသာညင်းညင်း၊ မြစ်ရေဆင်းသည့်
မြစ်မင်းရောဟိဏီ၊ သူ့ကိုမှီလျက်
ရေအတွက်နှင့်၊ စစ်မက်ရိပ်ခြည် ဆင်နေပြီ
❖ စစ်ကိုစင်စစ်၊ အရင်းစစ်လေ
အပျက်တွေတည့်၊ မြစ်ရေကမ်းဦး
လင်းတမြူး၍၊ သေဦးမည်မှာ-အနန္တ
❖ နှစ်ဖက်စလုံး၊ ပျက်ဆုံးရှုံးမည်
မြင်မိသည်ကြောင့်၊ ကြွချီလာရ
မြတ်ဗုဒ္ဓသည်၊ နှစ်ပြည်စစ်တပ်
အကြားရပ်ဝယ်၊ ခြောက်သွယ်ရောင်ခြည်
ဖြာစည်လွှမ်းဝေ၊ ထက်ဝယ်ခွေလျက်
မျက်ဖြေတရား၊ ဟောကြားမိန့်ဆို
ရန်စစ်ဖြိုပြီး၊ ဆင်းစီးမြစ်ရေ
ခွဲဝေတူမျှ၊ ယူပါကြလျက်
အမျက်လည်းဖယ်၊ စစ်လည်းပြယ်ရ
နယုန်လသည်၊ အေးမြငြိမ်းချမ်းသာပေစွ။ ။

မဦးဇွန်း

## သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်အား ဂုဏ်ပြုပူဇော်

နေပြည်တော် မေ ၃၁

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် သဒ္ဓမ္မဝေပုလ္လစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တစာရိတ္တအား သာသနဓဇဓမ္မာစရိယ ဘွဲ့ရရှိတော်မူခြင်းကို ဂုဏ်ပြုပူဇော်သော ဓမ္မာစရိယဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနဓဇဓမ္မာ စရိယဘွဲ့ရရှိတော်မူသည့်ဘဒ္ဒန္တစာရိတ္တ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ပြီး ဓမ္မာစရိယအောင်လက်မှတ်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်၍ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု စျေးကုန်းဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာ တရားနာကြားပြီး ရေစက်သွန်းချ အမျှဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)



## မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက တာမွေအထက(၁) ပင်လုံခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်ပညာရေးမှူး ဦးဉာဏ်ထွန်း၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၂၀၀ ခန့်တက်ရောက်ခဲ့ကြပြီး ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ကျောပိုးအိတ်၊ ထီး စသည့်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

သန္တာမေ(IPRD)

စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး
မူးယစ်ဆေးကို ရှောင်ပါမနေး

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



မခင်သင်း (ခ)မသင်း၊ မရွှေမန်းရီနှင့် မထွေးခင်တို့ သုံးဦးအား သိမ်းဆည်းရမိ ဘိန်းဖြူဆပ်ပြာခွက်များနှင့်အတူ တွေ့ရစဉ်။

**တာချီလိတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်က မူးယစ် တပ်ဖွဲ့စု (၁၀၄) နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဝမ်မိုင်ရပ်ကွက် အခန်းအမှတ်(A-၂၀)နေ ညီညီ(ခ)အားချင်၏ နေအိမ်ခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ သိမ်းဆည်းရမိသဖြင့် ညီညီ(ခ) အားချင် (၂၈)နှစ် အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။

**လားရှိုး**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးနှင့် မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ မြို့ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ်တွင် မူဆယ်မှ လားရှိုးသို့ ကာစင်(ခ)အောင်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် နှစ်ခွက် (ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၂၂ ကီလို) နှင့် ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ကာစင် (ခ) အောင်ထွန်း (၃၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကျိုင်းတုံ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်က ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ ကျိုင်းယင်းရပ်ရပ်ကွက်(၄)နေ စိုင်းလုံးကျောက်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းရီရဲန်အား တွေ့ရှိရပြီး စိုင်းလုံးကျောက်ထံမှ အအေးစုပ်ပိုက်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၄ ပြား၊ အိပ်ခန်းတံခါးဘောင်ပေါ်မှ အအေးစုပ်ပိုက်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၆ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ သိမ်းဆည်းရမိသဖြင့် စိုင်းလုံးကျောက် (၅၁) နှစ်၊ စိုင်းရီရဲန် (၁၈) နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**အောင်မြေသာစံ**

မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက်က အောင်မြေသာဇံမြို့နယ် ပိုက်ကျုန်းရပ်ကွက် ၂၆(ဘီ)လမ်းရှိ "ရွှေမြန်မာ" ဘီယာဆိုင်တွင် ရောက်ရှိနေသူ မခင်သင်း(ခ) မသင်း၊ မရွှေမန်းရီနှင့် မထွေးခင်တို့ သုံးဦးအားရှာဖွေရာ ဘိန်းဖြူအလေးချိန် (သုည ဒသမ ၂၄၂ ကီလို) သိမ်းဆည်းရမိသဖြင့် မခင်သင်း(ခ) မသင်း (၄၀) နှစ်၊ မရွှေမန်းရီ (၅၃) နှစ်နှင့် မထွေးခင် (၃၃)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# လယ်ဝေးအထက(၂)၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

**လယ်ဝေး မတ် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက လယ်ဝေမြို့ အ. ထ. က(၂)တွင်ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဝင်ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်က အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးမြင့်ဆွေက ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သိန်းနွဲ့က ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး လယ်ဝေးမြို့နယ် အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌဦးဝင်းအောင်က ကျောင်းသုံးပရိဘောဂပစ္စည်းများ လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့ပြီး နိုင်ငံတော်မှ အခမဲ့ပေးအပ်သော ပုံနှိပ်နှင့်ဗလာစာအုပ်များကို ကျောင်းအုပ်ဆရာကြီးများထံ ပေးအပ်ခဲ့သည်။ **သူဇာလှိုင်(စက်မှု)**

**ရှေ့ဖုံးမှ**

ကျောင်းအပ်နှံမှုကို ငွေကြေးကောက်ခံမှုမရှိဘဲ အခမဲ့အပ်နှံရသည့်အတွက် ကျောင်းသားမိဘများ ပျော်ရွှင်တက်ကြွစွာဖြင့် မိမိရင်သွေးငယ်များအတွက် တိုးဝှေ့အပ်နှံစာရင်းပေးသွင်းပြီး ဗလာစာအုပ်နှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ ကြိတ်ကြိတ်တိုး ထုတ်ယူနေသည့် မင်္ဂလာရှိသည့် မြင်ကွင်းကို ကြည်နူးစွာတွေ့မြင်ခဲ့ရသည်။

ကျောင်းသားမိဘတစ်ဦးက "အိမ်မှာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား သုံးဦးရှိပါတယ်။ အခမဲ့ပညာရေးစနစ်ကြောင့် မူလတန်းအဆင့်မှာဆိုရင် ကျောင်းဝတ်စုံတွေရော စာအုပ်တွေပါ အခမဲ့ပေးဝေတဲ့အတွက် ကျောင်းအပ်နှံချိန်မှာ အရင်လိုမဟုတ်ဘဲ သောကကင်းဝေးပြီးစိတ်ချမ်းသာရပါတယ်"ဟု ပြောပြခဲ့သည်။ ကျောင်းဝတ်စုံတွေကတော့ ကျောင်းသားကျောင်းသူတွေရဲ့အရွယ်နဲ့ အတန်းအလိုက် စိစစ်တိုင်းတာရအုံးမှာဖြစ်လို့ ဇွန်လကုန်လောက်မှပဲ ပေးဝေနိုင်ပါမယ်ဟု ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

သပိတ်ကျင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူ ၈၀၀ ကျော် ပညာသင်ကြားလျက်ရှိပြီး အခမဲ့ပညာရေးစနစ်ကြောင့် ကျောင်းသားမိဘများ ကျောင်းအပ်နှံရေးအတွက် သောကကင်းဝေးပြီး စိတ်လက်ပေါ့ပါးစွာဖြင့် ကျောင်းစတင်လက်ခံသည့်နေ့မှာပင် အများအပြားလာရောက်အပ်နှံကြခဲ့ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် မုံရွာကြက်၊ ငုံးမွေးမြူရေးဇုန်တွင် ကြက်မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်လျက်ရှိ



**မုံရွာ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကျောက်စစ်ပုံတောင်ရွာအနီးရှိ မုံရွာကြက်၊ ငုံးမွေးမြူရေးအထူးဇုန်တွင် ဖေဖော်ဝါရီလအတွင်းက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး နှစ်လခွဲအကြာတွင် မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရသည်။

ကြက်မွေးမြူရေးလုပ်ငန်းများ စတင်မွေးမြူခြင်းနှင့်ပတ်သက်ပြီး "မွေးမြူရေးဇုန်မှာ ဖေဖော်ဝါရီလအတွင်းက ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) ဖြစ်ပွားခဲ့ပြီး ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ မတ် ၃ ရက်မှာ ရှင်းလင်းရေးလုပ်ငန်းတွေ ပြီးစီးပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေဆက်လက် ဆောင်ရွက်ပြီး နှစ်လခွဲအကြာ မေ ၂၂ ရက်မှစတင်ပြီးအခုလို မွေးမြူရေးလုပ်ငန်းတွေပြန်လည်စတင်တာပါ။ မေ ၃၀ ရက်နေ့အထိ ဥစားကြက်ကောင်ရေ ၁၅၀၀၀ နဲ့ အသားတိုးကြက်ကောင်ရေ ၃၀၀၀ စပြီး မွေးနေပါပြီ၊ ကျန်တဲ့လုပ်ငန်းရှင်တွေလည်း ကြက်အကောင်ပေါက်တွေ ဆက်လက်မှာယူနေပါပြီ၊ စီပီကြက်ကောင်ပေါက် တစ်ကောင်ကို ငွေကျပ် ၉၁၅ ကျပ်၊ အေအေကြက်ကောင်ပေါက်တစ်ကောင် ကိုငွေကျပ် ၈၅၀ ကျပ်ဈေးကျပါတယ်။ ငုံးမွေးမြူရေးသမားတွေကတော့ ငုံးမွေးမြူရေးဇုန်သီးသန့်ထုတ်မဲ့ အစီအစဉ်ကြောင့် မွေးမြူရေးလုပ်ငန်းတွေ ပြန်မစသေးပါဘူး။ ကြက်မွေးမြူရေးက ပုံမှန်ဆိုရင် မတ်လအတွင်းမှာ စတင်မွေးမြူပြီး ဇူလိုင်လလောက်ဆို ဥစမ်းပါတယ်။ အောက်တိုဘာနဲ့ နိုဝင်ဘာလလောက်ဆိုရင် ဥလှိုင်လှိုင်ပေါ် မိုးတွင်းကာလမှာ ဥစမ်းပြီး ဆောင်းတွင်းကာလမှာ ဥလှိုင်လှိုင်ပေါ်ပြီ၊ အခုကြက်မွေးမြူရေးဇုန်က ရောဂါဖြစ်ပွားမှုကြောင့် ပုံမှန်မွေးမြူချိန်ထက် နှစ်လလောက်နောက်ကျတယ်။ နောက်တစ်ချက်က ကြက်မွေးမြူရေးဇုန် အပြင်ဘက်မှာ မွေးတဲ့ကြက်ခြံတွေရှိတယ်၊ ဇီဝလုံခြုံရေးအရ ဇုန်အတွင်းကို ဝင်ပြီးမွေးမြူစေချင်တယ်"ဟု မုံရွာကြက်၊ ငုံးမွေးမြူရေးဇုန်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မုံရွာကြက်၊ ငုံးမွေးမြူရေးဇုန်သည် (၁၂၃ ဒသမ ၄၅)ဧက ကျယ်ဝန်းပြီး ကြက်မွေးမြူရေးခြံ ၃၆၀၊ ငုံးမွေးမြူရေးခြံ ၁၂၀ တို့ မွေးမြူလျက်ရှိရာ ယခုနှစ်ဖေဖော်ဝါရီလအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) ဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများရှိခဲ့သဖြင့် နိုင်ငံတော်မှ ကြက်မွေးမြူရေးလုပ်ငန်းရှင် (၁၃၆)ဦး၊ ငုံးမွေးမြူရေးလုပ်ငန်းရှင် (၅၂)ဦးတို့အား မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် ငွေကျပ် ၆၀၂ ဒသမ ၃၃၅ သန်းအား ထောက်ပံ့ခဲ့သဖြင့် မွေးမြူရေးလုပ်ငန်းများ ပြန်လည် စတင်ခြင်းဖြစ်ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**





# နံပါတ်မပါ ၁၀ ဘီးယာဉ်ပေါ်မှ ကျွဲနွားများ ဖမ်းမိ

**ကြံခင်း မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အုတ်ပုံစုပေါင်းစစ်ဆေးရေးဂိတ်၌ မေ ၂၉ ရက် နံနက် ၁၁ နာရီခန့်တွင် ကျွဲ/နွားများတင်ဆောင်ထားသော နံပါတ်မပါ ၁၀ ဘီးယာဉ်တစ်စီးမှာ စစ်ဆေးရေးဂိတ်၌ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားကြောင်း စစ်ဆေးရေးဂိတ်မှ တာဝန်ကျတပ်ဖွဲ့ဝင်တို့က ဘက်ရဲ နယ်မြေရဲစခန်းသို့ အကြောင်းကြားရာ တပ်ဖွဲ့ဝင်များက ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၃၀/၃) နှင့် (၁၃၀/၄) အကြား အုတ်ပုံဆန်စက်ကုန်းအနီး လမ်းမပေါ်၌ တားဆီးရမိကြောင်း သိရသည်။

ယာဉ်မောင်းဇော်ထိုက်နှင့် ကျွဲပိုင်ရှင်၊ နွားပိုင်ရှင်တို့အား စစ်မေးရာ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပေါက်နွယ်စမ်းကျေးရွာအုပ်စုမှ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်နယ်မြေရဲစခန်းပိုင် ကိုင်းကြီးအုပ်စု ပိန္နဲခုံကျေးရွာသို့ ကျွဲနွားသယ်ဆောင်ခွင့်လက်မှတ်မပါရှိဘဲ ကျွဲနွား ၁၁ ကောင် သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။ **(ဧရာဦးသာ)**

# အာဆီယံစီးပွားရေးအသိုက်အဝန်းဆွေးနွေးပွဲ မလေးရှားနိုင်ငံ၌ ကျင်းပ

**နေပြည်တော် မေ ၃၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မလေးရှားနိုင်ငံ၌ မေ ၂၆ ရက်မှ ၂၈ ရက်အတွင်း အာဆီယံအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများပြပွဲနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် မေ ၂၅ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ သွားရောက်ခဲ့သည်။

၂၀၁၅ ခုနှစ်အလွန်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကို ပြည့်ဝစွာ အကောင်အထည်ဖော်ရန်နှင့် အာဆီယံ SME များသည် ကမ္ဘာ့အလယ်၌ စွမ်းရည်မြင့်မားစွာ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာစေရန် ရည်ရွယ်လျက် အာဆီယံဝန်ကြီးများ၏ သဘောထားအမြင်များ ဆွေးနွေးပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက ကွာလာလမ်ပူမြို့ရှိ Kuala Lumpur Convention Center ၌ ကျင်းပခဲ့ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် လာအို၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နိုင်ငံများမှ ဝန်ကြီးများ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဒုတိယဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲတွင် အာဆီယံဝန်ကြီးများက အာဆီယံဒေသအတွင်း New Energy များ၊ Potential များကို ထုတ်ဖော်အသုံးပြုလျက် လူဦးရေ သန်း ၆၀၀ ၏ Creation Production ကိုပုံဖော်ရန်၊ လူငယ်များ၊ အမျိုးသမီးများနှင့် Micro လုပ်ငန်းများ၏ အခက်အခဲများကို ဖြေရှင်းပေးခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျော့နည်းစေရန်တို့ကို ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးခွန်းများကို ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် ASEAN SME Showcase &Conference 2015 ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မလေးရှားနိုင်ငံ Prime Minister's Department ၏ Minister YB Dato'sri Abdul Wahid Omar က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် H.E Le Luong Minh နှင့် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် YAB Tan Sri Muhyiddin Yassin တို့က မိန့်ခွန်းပြောကြားခဲ့ကြသည်။

ယင်းနောက် KL Convention Center ၏ Exhibition Area ၌ ပြသထားသော ASEAN အဖွဲ့ဝင်နိုင်ငံအလိုက် ASEAN SME များ၏ ထုတ်ကုန်ပစ္စည်းများ၊ တီထွင်ဆန်းသစ်မှုများနှင့် မိတ်ဖက်နိုင်ငံများ၏ ပြခန်းများကို ကြည့်ရှုလေ့လာကြပြီး အာဆီယံ SME များနှင့် Asia၊ EU နိုင်ငံများမှ ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၇ ရက်တွင် မလေးရှားနိုင်ငံ Selangor-capital City TAN CHONG GROUP AUTOMOBILE Factory နှင့် Largest Autoparts Manufacturing Group Factory များသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ TAN CHONG GROUP သည် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မော်တော်ကားစီးရေ ၄၅၄၄၀ ကို CKD စနစ်ဖြင့် ထုတ်လုပ်လျက်ရှိပြီး မြန်မာနိုင်ငံ ပဲခူးမြို့တွင် မော်တော်ကားစက်ရုံ တည်ဆောက်သွားမည်ဟု သိရသည်။

ပြည်ထောင်စုဝန်ကြီးအား မလေးရှားနိုင်ငံ GTC ideal for security ကုမ္ပဏီမှ တာဝန်ရှိသူများသည် မေ ၂၈ ရက် နံနက် ၉ နာရီတွင် Grand Hyatt Hotel ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



# မော်လမြိုင်-နတ်မှော်ခရီးလမ်းတွင် ရေဘဝဲ(၁)ရေယာဉ် ပြန်လည်ပြေးဆွဲသွားမည်

**ရန်ကုန် မေ ၃၁**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သံလွင်ဌာနခွဲရှိ ရေဘဝဲ(၁) ရေယာဉ်အား ခရီးသည်နှင့် ရေယာဉ် အန္တရာယ် ကင်းရှင်းရေးအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ စစ်ဆေးချက်များအရ ရေယာဉ်၏ ကြံ့ခိုင်မှုပိုင်းဆိုင်ရာ ပြုပြင်မှုများ ဆောင်ရွက်ရန် မေ ၄ ရက်မှစ၍ သံလွင်သင်္ဘောကျင်းတွင် ပြုပြင်ခဲ့သည်ဟု သိရသည်။

အဆိုပါ ရေယာဉ်အား ရေယာဉ်စစ်ဆေးသူအရာရှိများ၏ ညွှန်ကြားချက်များနှင့်အညီ လိုအပ်သော ပြုပြင်မှုများ ဆောင်ရွက်ခဲ့ပြီး မေ ၃၁ ရက်တွင် ထပ်မံစစ်ဆေးမှုခံယူခဲ့ရာ ခရီးလမ်းပြေးဆွဲရန် ခွင့်ပြုချက် ရရှိခဲ့သဖြင့် ဇွန် ၁ ရက်မှစ၍ မော်လမြိုင်-နတ်မှော်ခရီးလမ်းတွင် ပြန်လည်ပြေးဆွဲသွားမည်ဟု သိရသည်။

မော်လမြိုင်-နတ်မှော် ခရီးလမ်းသည် မော်လမြိုင်နှင့် ချောင်းဆုံမြို့နယ် ဘီလူးကျွန်းသို့ ဆက်သွယ်ပြေးဆွဲနေသော ခရီးလမ်းတစ်ခုဖြစ်သဖြင့် ဒေသခံ ခရီးသွားပြည်သူများမှ အမြန်ပြန်လည် ပြေးဆွဲစေလိုသော ဆန္ဒများရှိနေပြီး ယခုကဲ့သို့ ပြန်လည်ပြေးဆွဲပေးသဖြင့် ဒေသခံများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**(ရောမောင်)**

**❖ စက်ဘီးပြိုင်ပွဲမှ**


အဆိုပါ စက်ဘီးပြိုင်ပွဲတွင် ကျား ၃၈ ဦး၊ မ ငါးဦး စုစုပေါင်း ၄၃ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံရှေ့မှ တာလွှတ်၍ ကလောမြို့နယ် ဟဲဟိုးလေယာဉ်ကွင်းလမ်းဆုံအထိ ယှဉ်ပြိုင်တစ်ပတ်လှည့်၍ တောင်ကြီးမြို့နယ် အေးသာယာမြို့ ထုံးဖိုဂိတ်၌ ပန်းဝင်ကာ ဆုရရှိသူများကို ဆုများချီးမြှင့်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

**❒ ကျောဖုံးမှ**

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို (၅)ကြိမ်မြောက်အဖြစ် ဆွတ်ခူးရန်လည်း နီးစပ်မှုရှိနေခဲ့ပြီဖြစ်သည်။ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စပိန်လာလီဂါဖလားကို ရယူဆွတ်ခူးထားနိုင်ခဲ့သည့် အသင်းဖြစ်ပြီး လက်ရှိတွင်လည်း စပိန်ကိုပါဒယ်ရေးဖလားကို ထပ်မံဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် ယှဉ်ပြိုင်ရဦးမည်ဖြစ်သောကြောင့် တစ်နှစ်တည်းဖလားသုံးလုံးရယူဆွတ်ခူးနိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေခဲ့ပြီလည်းဖြစ်သည်။

**(ငွေကြယ်)**



**ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း ယခုနှစ်မိုးတွင်းကာလ မိုးဦးသခွားမျိုးအမှတ်(၇၆၅)မျိုးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို မေ ၃၁ ရက်က တွေ့ရစဉ်။**

(သပြေထွန်း)

# ကျန်းမာရေးအသိ အမူအကျင့်ကောင်းများလိုက်နာ၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ပါ

**ရန်ကုန် မေ ၃၁**

ယခု မိုးဦးကျကာလတွင် မိုးရွာသွန်းမှုများခြင်းနှင့်အတူ နှစ်စဉ်ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားမှုများပြားတတ်သော ကာလလည်းဖြစ်ကြောင်း ရန်ကုန်မြို့ အမျိုးသားကျန်းမာရေးပြတိုက်တွင် ပြုလုပ်သည့် Health Communication Forum မှသိရသည်။

"တချို့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ဝမ်းပျက်ဝမ်းလျှောတွေ ဖြစ်လာတယ်။ ဒါကပုံမှန်တော့ ဖြစ်နေတာပဲ။ လူထုသာ အသိရှိရင် လွယ်လွယ်ကူကူကာကွယ်နိုင်တယ်"ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းအောင်က ပြောသည်။ ထိုဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် အသက်ငါးနှစ်အောက်ကလေးများတွင်သေဆုံးမှုများဖြစ်နိုင်ပြီး လူကြီးများတွင်ဖြစ်ပွားပါက ဆေးရုံဆေးခန်းများသို့ အချိန်မီသွားရောက်ခြင်းမပြုပါက အသက်သေဆုံးစေတတ်ခြင်းဖြစ်သည်။

"ဒီဟာက လွယ်လွယ်ကုသလို့ ရတယ်။ ဆရာဝန်လောကမှာ ဆေးကုသဖို့ အလွယ်ဆုံးသော ရောဂါလည်းဖြစ်တယ်။ ဒါပေမယ့် လူတိုင်းက မလိုက်နာကြဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ထိုဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားကူးစက်မှုမရှိစေရန် လက်ကိုဆပ်ပြာဖြင့် သန့်ရှင်းစင်ကြယ်စေရန် စနစ်တကျ ဆေးကြောခြင်း၊ ရေကောင်းရေသန့်သုံးစွဲခြင်း၊သန့်ရှင်းစင်ကြယ်သော အစားအစာများကို စားသုံးခြင်းတို့ဖြင့် လုပ်ဆောင်သင့်သည်။ လက်ကိုဆေးကြောရာတွင် အစာမစားခင်တွင်လည်းကောင်း၊ အိမ်သာမှ ထွက်လာသည့်အခါတွင်လည်းကောင်း၊ ကလေးထိန်းကျောင်းသူများအနေဖြင့်လည်း ကလေးငယ်များ၏ မစင်များကိုကိုင်တွယ်ပြီးပါကလည်းကောင်း ရေ၊ ဆပ်ပြာတို့ကို အသုံးပြု၍ လက်တွင်ရောဂါပိုးများ တွယ်ကပ်မနေနိုင်စေရန် စနစ်တကျဆေးကြောသင့်ကြောင်း သိရသည်။

ယခုအခါ မိုးရွာသွန်းမှုကြောင့် မြေပြင်ပေါ်မှ အချို့အညစ်အကြေးများသည် မိုးရေနှင့်အတူမျောပါသွားကာ ရေထွက်ပင်ရင်းများသို့ရောက်ရှိနေတတ်သဖြင့် ရေကောင်းရေသန့်သုံးစွဲနိုင်ရန် အရေးကြီးပြီး ရေထွက်ပင်ရင်းမှ လူ၏ပါးစပ်အတွင်းသို့ ရောက်သည်အထိ စနစ်တကျဖြင့် သန့်ရှင်းမှုရှိရန်အရေးကြီးသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်တတ်သလို အစားအစာ၊ ရေ၊ မသန့်ရှင်းသောအရာများကို ကိုင်တွယ်၍ လက်မဆေးဘဲ စားသောက်မိရာမှဖြစ်တတ်ပြီး ကာလဝမ်းအဖြစ် အပြင်းအထန်ဖြစ်ပွားကာ အသက်သေဆုံးနိုင်ခြင်းလည်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် ၁၈၁၇ ခုနှစ်မှစပြီး ယခုအထိ ကာလဝမ်းရောဂါမှာ ကပ်ရောဂါအသွင်ဖြင့် ခုနစ်ကြိမ်လောက် ကူးစက်ဖြစ်ပွားခြင်းဖြစ်ပြီး နောက်ဆုံး ခုနစ်ကြိမ်မြောက်သည် ၁၉၆၁ ခုနှစ်က ဖြစ်ပွားခဲ့သည်။ ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်းတို့ကို ခံစားရတတ်ပြီး မျက်ကွင်းများကျကာ ခန္ဓာကိုယ်အတွင်းမှ ဆားဓာတ်နှင့် အရည်ဓာတ်များ ဆုံးရှုံးသွားလေ့ရှိတတ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်က ပြောသည်။

"ကလေးတွေဆိုရင် ခံနိုင်မှုအားနည်းသွားတယ်။ ရေဓာတ်တွေ၊ ဆားဓာတ်တွေလည်း ဆုံးရှုံးသွားတဲ့အတွက် ခြေထောက်ညောင်းလာတာတွေ၊ ကြွက်သားနာလာတာတွေ ဖြစ်တတ်တယ်။ အပြင်းအထန်ဆိုရင် အသက်ရှူကြပ်မယ်။ အသက်သေဆုံးနိုင်တယ်။ ကူးစက်မှုမြန်တယ်။ ကပ်ရောဂါအသွင်မျိုးဖြစ်သွားတတ်တယ်"ဟု ၎င်းက ရှင်းပြသည်။

ထိုသို့ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သွားရောက်ကာ ကုသမှုခံယူသင့်ကြောင်းသိရသည်။ "ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ငါးနှစ်အောက်ကလေးတွေကို ကျေးလက်က ဆေးပေးခန်းပဲသွားသွား၊ ဒေသန္တရကျန်းမာရေးဌာနတွေကိုပဲသွားသွား အခမဲ့ ကုသမှုပေးနေပါတယ်။ ကုသရတာလွယ်ပါတယ်။ နှာခေါင်းက ပိုက်နဲ့ထည့်တာလည်းရှိသလို အကြောဆေးသွင်းတာလည်း ရှိတယ်။ စရိတ်မတတ်နိုင်လို့ဆိုပြီးတော့ မဖြစ်စေရဘူး" ဟု ဒေါက်တာ သန်းထွန်းအောင်က ရှင်းပြသည်။ ထို့အပြင် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပွားမှုများရှိနေပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သွားရောက်သတင်းပေးလုပ်ဆောင်ခြင်းဖြင့် ကူးစက်ပြန့်ပွားမှု မြင့်မားခြင်းမရှိစေရန် တားဆီးနိုင်မည်ဖြစ်သည်။

ထိုဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ဆေးမြီးတိုများဖြင့်ကုသခြင်းမျိုး မပြုသင့်ဘဲ ကျန်းမာရေးဌာနများနှင့် အလှမ်းဝေးကွာသော နေရာများတွင် ကြုံတွေ့ပါက ဓာတ်ဆားသောက်သုံးနိုင်ကြောင်း၊ ဓာတ်ဆားသည် လူနာ၏ အသက်ကိုကယ်တင်နိုင်စွမ်းရှိပြီး ဓာတ်ဆားတစ်ထုပ်ကို ရေတစ်လီတာနှင့် သတ်မှတ်ထားချက်များအတိုင်း စနစ်တကျ ဖျော်စပ်သောက်သုံးရမည်ဖြစ်သလို သီးစုံဓာတ်ဆားကဲ့သို့သော အရသာကောင်းမွန်စေရန် စီမံထားသည့် ဓာတ်ဆားမျိုးကို မသောက်သုံးသင့်ဘဲ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်လုပ်ထားသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ စံသတ်မှတ်ချက်နှင့်ညီသည့် ဓာတ်ဆားထုပ်များကို သောက်သုံးနိုင်ကြောင်း သိရသည်။

မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော အသက်သေဆုံးမှုမြင့်မားစေတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ပြည်သူများအားလုံး ကျန်းမာရေးအသိရှိကာ ကျန်းမာရေးအမူအကျင့်ကောင်းများ လိုက်နာ၍ စနစ်တကျ ကျင့်သုံးနေထိုင်ခြင်းဖြင့်ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

# မြကျွန်းသာ ပန်းဥယျာဉ်နှင့် စပ်လျဉ်း၍

အချိန်ကာလယန္တရား၏ ဖြတ်သန်းစီးဆင်းမှုနှင့်အတူ သမိုင်းသည် ဖြစ်တည်ခဲ့လေသည်။ ခေတ်ပြိုင်သမိုင်းအတွင်း မွေးဖွားလာခဲ့သော လူပုဂ္ဂိုလ်တစ်ဦးချင်း၏ သမိုင်းသည် ၎င်းတို့၏ ကိုယ်စီကိုယ်စီ သမိုင်းအဖြစ် ဖြစ်တည်လာသကဲ့သို့ သက်မဲ့အထိမ်းအမှတ်အဆောက်အအုံနှင့် ပတ်ဝန်းကျင်နေရာဒေသတို့သည်လည်း မြို့ပြ၏ သမိုင်းတစ်ခုအဖြစ် ဖြစ်တည်လာခဲ့သည်။ ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့၏ အထင်ကရ အင်းယားကန်စောင်းရှိ မြကျွန်းသာဥယျာဉ်အတွင်း အဆင့်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရေပြင်မြေပြင်ဆုံးရှုံးမှုဖြစ်ပေါ်မည်ကို ရန်ကုန်မြို့ခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ မြင့်တက်လာသည်ကို တွေ့ရသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းအချို့နှင့် ပြည်သူများ၏ သဘောထားအမြင်များကို ကောက်နုတ်စုစည်းဖော်ပြလိုက်ပါသည်။

**အဆင့်မြင့်အရာရှိတစ်ဦး**
**ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန**
**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ**

မြကျွန်းသာကို ကျွန်တော်ကိုယ်တိုင်ကြီးကြပ်နေတာဖြစ်ပါတယ်။ ရေပြင်မြေပြင်နဲ့ ပတ်သက်ပြီး မကျူးကျော်ဖို့ကို ရေပြင်ပုံနဲ့ မြေပြင်ပုံကို မြို့မြေကနေ တိုင်းတာတယ်။ အဲဒီပတ်လည်အားလုံးရဲ့ အတိုင်းအတာ သတ်မှတ်ချက်ကို မှတ်ထားပါတယ်။ **ကျွန်တော့်အနေနဲ့ ပြောလိုတာက ရေပြင်ကျူးကျော်မှု လုံးဝမရှိပါဘူး။ ကျွန်တော်တို့က ရေပြင်နဲ့မြေပြင် မြေပုံတွေကို မြို့မြေနဲ့ ကျွန်တော်တို့အဖွဲ့နဲ့ ပူးပေါင်းတိုင်းတာပြီး ဆောင်ရွက်ထားတာ ဖြစ်တဲ့အတွက် ရေပြင်ကျူးကျော်မှု လုံးဝမရှိကြောင်းပြောလိုပါတယ်။** အဆောက်အအုံပိုင်းကတော့ ယာ/အုံနဲ့ ပတ်သက်မယ်လို့ ထင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်စစ်ဆေးတာ နှစ်ကြိမ်ရှိပါပြီ။ ကျွန်တော်တို့က လစဉ်တစ်လတစ်ကြိမ် အစည်းအဝေးလုပ်ပါတယ်။ အဲဒီအစည်းအဝေးတွေမှာ ချပြ ညွှန်ကြား လမ်းညွှန်မှုတွေ ရှိပါတယ်။ ရေပြင်နဲ့ မြေပြင်ကို ကျွန်တော်တို့က တိုင်းတာပြီးမှ ဆောင်ရွက်ခွင့်ပြုတာဖြစ်ပါတယ်။ အဓိကကျတဲ့ ရည်ရွယ်ချက်ကတော့ ရေပြင်ကို ကျူးကျော်မှာ စိုးလို့ပါ။ မြေပြင်နဲ့ ပတ်သက်လို့ ကျူးကျော်မှုမရှိကြောင်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ ကျွန်တော် တာဝန်စယူကတည်းက ဒီအလုပ်ကို ဦးစားပေးအဆင့်တစ်အဖြစ် လုပ်တာပါ။ ဒါ့အပြင် ကန်ရေပြင်နဲ့ပတ်သက်လို့ မြေတိုင်းတယ်။ ပန္နက်ရိုက်တယ်။ ပြီးမှ သက်ဆိုင်ရာကုမ္ပဏီတွေရဲ့ ဧရိယာအတိုင်းကို ကျွန်တော်တို့ ခွင့်ပြုပေးပါတယ်။ ကျွန်တော်တို့မှာ ပေအတိုင်းအတာ အတိအကျရှိပါတယ်။ တကယ်လို့ ကျူးကျော်လာရင် ဖျက်ပစ်မှာပါ။ လုံးဝကျူးကျော်ခွင့် မပေးပါဘူး။ ဒါကို အစည်းအဝေးတိုင်းမှာ ချပြခဲ့ပါတယ်။ အကယ်၍ ကုမ္ပဏီတွေက ကျူးကျော်ခဲ့ရင် ကျွန်တော်တို့ ဖျက်ခိုင်းမှာပါ။ ကုမ္ပဏီတွေနဲ့ လစဉ် ကျွန်တော်တို့ တွေ့ဆုံတဲ့ အစည်းအဝေးမှာ ချပြခဲ့တဲ့ မှတ်တမ်းတွေအားလုံး ရှိပါတယ်။

**ဦးသန့်ဇော်ကောင်း (အလုပ်အမှုဆောင်အဖွဲ့ဝင်)**
**ရန်ကုန်မြို့ပြအမွေအနှစ်**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)**

လက်ရှိမှာ YHT အနေနဲ့ ရန်ကုန်ရှေးဟောင်းမြို့ပြအဆောက်အအုံတွေကိုပဲ အဓိကထား ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ နိုင်ငံတကာကို ပြစရာပြယုဂ်က ဒါပဲရှိတယ်လေ။ ကန်တော်ကြီးတို့၊ အင်းယားကန်တို့ ပန်းခြံတို့ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပဲ ထိန်းသိမ်းနေကြတာပဲ။ မကြာမီ လွှတ်တော်မှာ ဒါတွေနဲ့ဆိုင်တဲ့ ဥပဒေကြမ်းတွေ တင်သွင်းတော့မယ်လို့လည်း ကြားရတော့ ဝမ်းသာရပါတယ်။

**ဒေါ်မိုးမိုးလွင်(ဒါရိုက်တာ)**
**ရန်ကုန်မြို့ပြအမွေအနှစ်**
**ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)**

အင်းယားကန်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)ရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိရင် မြကျွန်းသာကလည်း YCDC ရဲ့ အောက်မှာပဲ ရှိရမယ်။ ကန်တော်ကြီးနဲ့ အင်းယားကန်က ရန်ကုန်မြို့ရဲ့ အသက်ရှုပေါက်ဖြစ်လို့ အများပြည်သူအတွက်ပဲ ဖြစ်သင့်တယ်။ အများပြည်သူအတွက်ဆိုရင် ပြည်သူ့အတွက်ပဲ ထားသင့်တယ်။ စီးပွားရေးဆိုင်ရာ အဆောက်အအုံတွေ မဆောက်သင့်ဘူး။

**ဦးဘုန်းတင် (အငြိမ်းစားညွှန်ကြားရေးမှူး)**
**ဆည်မြောင်းဦးစီးဌာန**

ကျွန်တော်တို့ ဆည်မြောင်းဥပဒေမှာ ရေလမ်းကြောင်း ပိတ်ဆို့ခြင်း၊ တူးမြောင်းတမံတွေ ပိတ်ဆို့ခြင်းနဲ့ ချဲ့ထွင်ခြင်းတွေကို မလုပ်ရပါဘူး။ **ဆည်မြောင်းဥပဒေအရ တားမြစ်ထားပါတယ်။** ကျူးလွန်ခဲ့ရင် ထောင်ဒဏ်ရော၊ ငွေဒဏ်ရော သတ်မှတ်ထားပါတယ်။ **ဆည်မြောင်းဥပဒေထဲမှာ ကန်တော်ကြီးတို့ ၊ အင်းယားကန်တို့ မပါပေမယ့် အင်းယားကန်ကို မြေဖို့ပြီး အဆောက်အအုံဆောက်တာတွေတော့ မလုပ်သင့်ဘူး။ ကျွန်တော်တို့တွေ့တာက အုတ်တံတိုင်းတွေခတ်ပြီး မြေကြီးတွေဖို့၊ အဆောက်အအုံတွေ ဆောက်နေတာလေ။ ထိန်းသိမ်းကာကွယ်ဖို့ကတော့ လုပ်ပိုင်ခွင့်ရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းတွေက အဲဒီနေရာတွေကို နေရာချမပေးမှ ဖြစ်မှာပါ။ မူလကန်ရေပြင်ဧရိယာထက် လျော့နည်းသွားအောင် မလုပ်ဖို့လိုတယ်။ ကန်တော်ကြီးတို့၊ အင်းယားကန်တို့က မိုးရေကို စုထားနိုင်တယ်။ ကန်ရေလျှောင်နိုင်တဲ့ပမာဏ ကျယ်တဲ့အခါ၊ တိမ်သွားတဲ့အခါကျရင် ကားလမ်းတွေပေါ် ရေလျှံမှုတွေ ဖြစ်ကုန်လိမ့်မယ်။ ဒါကြောင့် ကန်တော်ကြီးတို့ အင်းယားကန်တို့ကို အစဉ်ထိန်းသိမ်းထားဖို့ လိုပါတယ်။** ဒီလိုနေရာတွေမှာ မြို့တော်သူ မြို့တော်သားတွေအတွက် အပန်းဖြေစခန်းတွေ၊ ကလေးကစားကွင်းတွေ လုပ်ပေးရမယ်။ နောက်ပြီး လေကောင်းလေသန့်ရဖို့အတွက် အဆောက်အအုံတွေက ပိတ်ကွယ်နေလို့မဖြစ်ဘူး။ ဒီနေရာတွေကို စီးပွားရေးသမားတွေလက်ထဲမရောက်အောင် ခွင့်ပြုမပေးဖို့ လိုအပ်ပါတယ်။ လုံးဝမပေးဖို့ကို လိုပါတယ်။


ဦးသန့်ဇော်ကောင်း။


ဒေါ်မိုးမိုးလွင်။


ဦးဘုန်းတင်။

**ကိုညီညီ**
**ရန်ကင်း ၁၂ လုံးတန်း**

မြကျွန်းသာဆိုတာ အရင်က တကယ်စိမ်းစိမ်းစိုစို သာသာယာယာ ဖြစ်ခဲ့တယ်။ ကျွန်တော်တို့ ကလေးဘဝက ရေကူးတာတို့၊ ခုံးကောက်တာလို့ လုပ်ကြတယ်။ မြကျွန်းသာက မရမ်းကုန်းမြို့နယ်ထဲမှာပါပေမယ့် ရန်ကင်းနဲ့ပိုပြီးနီးစပ်တော့ ရန်ကင်းသား ရန်ကင်းသူမှန်ရင် အင်းယားကန်စောင်းမှာ လမ်းလျှောက်တယ်။ အရိပ်အာဝါသကောင်းတော့ အပန်းဖြေကြတယ်။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ ဆိုင်ခန်းတွေ၊ ကစားကွင်းတွေ လုပ်ခဲ့ပေမယ့် နောက်ပိုင်းမှာ စည်စည်ကားကား မရှိတော့ဘဲ ဘာတွေလုပ်နေမှန်းမသိတော့ဘူး။ ဒီဘက်ပိုင်းရောက်တော့လည်း ပြင်ဆင်နေတာတွေ လုပ်နေတာတွေ့တယ်။ ရန်ကင်းသားတွေကတော့ အများပြည်သူတွေအတွက်ထင်ပြီး စောင့်ကြည့်နေတာပေါ့။ ဒါပေမယ့် အပြင်ကလှမ်းကြည့်ရတော့ ဘာမှန်းကိုမသိဘူး။ လုပ်နေတာကြာပေမယ့် အထဲမှာဘာလုပ်နေမှန်းကို မသိရဘူး။ **လုပ်မယ်ဆိုရင်လည်း ပြည်သူတွေအတွက် အပန်းဖြေစရာ၊ ကလေးတွေအတွက် ကစားကွင်းမျိုး ပီပီပြင်ပြင်နဲ့ အများကြီးလုပ်စရာတွေရှိတယ်။ ဒါပေမယ့် အခုပုံပေါ်လာတာကတော့ အဆောက်အအုံကြီးဖြစ်နေတယ်။ ဒါက ခွင့်ပြုချက်ပေးတဲ့သူတွေမှာ တာဝန်ရှိတယ်။ ရန်ကင်းသူ ရန်ကင်းသားတွေက ဒီအဆောက်အအုံကြီးပေါ်လာတော့ မြကျွန်းသာ ဥယျာဉ်ပဲခေါ်ရမလား၊ ပန်းခြံလို့ပဲခေါ်ရမလား မသိတော့ပါဘူး။ ပြည်သူတွေ ဆုံးရှုံးတာပဲ အဖတ်တင်တယ်။** ပြည်သူတွေအတွက်၊ နိုင်ငံအတွက် ဖြစ်မလာရင်တော့ တာဝန်ရှိသူတွေအနေနဲ့ တာဝန်ခံဖို့ လိုပါလိမ့်မယ်။

**ပြည်သူတစ်ဦး**
**အနောက်ရန်ကင်း (၅) ရပ်ကွက်**

**သူ့ဟာနဲ့သူ မူလအတိုင်းထားရင်တော့ အကောင်းဆုံးပေါ့ဗျာ။ အခုတော့ မရတော့ပါဘူး။ မူလပန်းခြံအတိုင်း မဖြစ်တော့ဘဲ ပျက်စီးသွားပြီပေါ့။ အခုလူတွေက ကန်ပေါင်လေးပေါ်မှာပဲ အပန်းဖြေနေရသလို ဖြစ်နေတယ်။ ဆိုင်ခန်းတွေ၊ အဆောက်အအုံတွေလုပ်လိုက်တော့ နေရာနည်းသွားတာပေါ့ဗျာ။** ကျွန်တော်တို့ ငယ်ငယ်က ကစားခဲ့တဲ့ ဘောလုံးကွင်းလည်း ကုန်ပြီ။ ရန်ကင်းမှာတော့ ကုန်ပါပြီ။ ။

တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး
ဓာတ်ပုံ - ဇော်မင်းလတ်





အင်းယားကန်စောင်းရှိ မြကျွန်းသာဥယျာဉ်အတွင်း ဆောက်လုပ်လျက်ရှိသော အဆင့်မြင့်အဆောက်အအုံများကို တွေ့ရစဉ်။

# မြန်မာ့ရေဒီယိုမီဒီယာကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ခု

ဇေယျာ (မြန်မာ့အသံ)




ပြီးခဲ့တဲ့ရက်သတ္တပတ် ညနေခင်းတစ်ခုမှာ မန္တလေး FM က ထုတ်လွှင့်တဲ့ မင်္ဂလာညနေခင်းပါ အစီအစဉ်အတွက် တိုက်ရိုက်တွေ့ဆုံမေးမြန်းခန်းတစ်ခုကို ဖြေဆိုဖို့ စောင့်ဆိုင်းရင်း ဖော်ရွေပျူငှာတဲ့ FM က ဝန်ထမ်းတွေနဲ့ ရေဒီယို အစီအစဉ် ထုတ်လွှင့်မှုနဲ့ ပရိသတ် နားဆင်မှု အကြောင်း အနည်းငယ်ဆွေးနွေးဖြစ်ပါတယ်။ အစီအစဉ်က သတ်မှတ်ချိန် အတိအကျမှာမှ တိုက်ရိုက်ထုတ်လွှင့်နေတဲ့ စတူဒီယိုခန်းထဲကိုဝင်ပြီး အစီအစဉ်တင်ဆက်နေတဲ့ သူတွေနဲ့အတူ အကြောင်းအရာအလိုက် တိုက်ရိုက်ပဲ ဆွေးနွေးပြောဆိုရတာ ဖြစ်ပါတယ်။ ထုံးစံအတိုင်း ရေဒီယိုလောကမှာ ကျင်လည်နေရတဲ့သူဆိုတော့ ကျွန်တော် ဆွေးနွေးပေးရမယ့် အကြောင်းအရာကလည်း ရေဒီယိုနဲ့ ပတ်သက်တဲ့ ကိစ္စပါပဲ။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားက စီစဉ်ကျင်းပတဲ့ ABU Radio Asia 2015 Conference နဲ့ Radio Song Festival တွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမယ့် အခြေအနေတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးတာပါ။

သတ်မှတ်ချိန်မှာ ပါဝင်ဆွေးနွေးဖို့ ကြိုတင်ရောက်ရှိစောင့်ဆိုင်းနေစဉ်မှာပဲ ထုံးစံအတိုင်း ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှု အခြေအနေနဲ့ ယာဉ်မတော်တဆမှု အခြေအနေတွေကို ရေဒီယိုနားဆင်သူ သောတရှင်ပရိသတ်တွေက ဖုန်းဆက်သတင်းပေးပို့မှုတွေကို မျက်မြင်တွေ့ရှိနေရပါတယ်။ ရေဒီယိုအစီအစဉ်တင်ဆက်သူတွေရဲ့ အချိန်ကိုက်လှုပ်ရှားမှုနဲ့ ပရိသတ်နဲ့ အပြန်အလှန်ထိတွေ့တင်ဆက်မှု (interactive approach)တွေကိုကြည့်ရင်း မီဒီယာရေစီးပြောင်းလဲလာမှုတွေကို မသိစိတ်က တွေးတော ဆင်ခြင်မိပါတယ်။ တိုးတက်လာတဲ့ မော်တော်ယာဉ်အရေအတွက်နဲ့အပြိုင် ရေဒီယိုနားဆင်သူအရေအတွက် မြင့်တက်လျက်ရှိတဲ့ ရန်ကုန်မြို့မှာ ပုဂ္ဂလိက FM တွေရဲ့ အစီအစဉ်ကောင်းများ အပြိုင်အဆိုင်ထုတ်လွှင့်နေမှုတွေဟာ ပြီးခဲ့တဲ့ သုံး၊ လေး နှစ်အတွင်း ရေဒီယိုရဲ့ ပရိသတ်ဆွဲဆောင်နိုင်မှုနဲ့ ထိုးဖောက်နိုင်စွမ်းကို ထပ်လောင်းအားဖြည့်ပေးလျက်ရှိနေပါတယ်။ အထူးသဖြင့် အစိုးရသစ်လက်ထက် ကျယ်ပြန့်ဖွံ့ဖြိုးလာတဲ့ ပုဂ္ဂလိက FMလိုင်းတွေရဲ့ ဝန်ဆောင်မှုတွေကြောင့် ပြည်သူတွေရဲ့ သတင်းသိပိုင်ခွင့်နဲ့ ရွေးချယ်အသုံးပြုပိုင်ခွင့်တွေကို ပိုမိုဖန်တီးပေးလာတာကို မျက်မြင်တွေ့ရှိနေရပါတယ်။

မြန်မာနိုင်ငံရဲ့ ရုပ်သံလွှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ DW Akademie အပါအဝင် နိုင်ငံတကာရုပ်သံလွှင့်အဖွဲ့အစည်းများရဲ့ ၂၀၁၄ ခုနှစ်အတွင်း အလွတ်သဘော စစ်တမ်းကောက်ယူမှုတွေကို MSR နဲ့ ပူးပေါင်းပြုလုပ်ခဲ့တဲ့ စစ်တမ်းများအရ နိုင်ငံသားတွေရဲ့ မီဒီယာ အသုံးပြုမှုဟာ မြင့်တက်လျက်ရှိပြီး လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်က ရေဒီယိုနားထောင်သူ ပရိသတ် ၄၀ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ စစ်တမ်းကောက်ယူခဲ့ရာမှာတော့ ၄၄ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်လာကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ ရေဒီယို Industry မှာ ပုဂ္ဂလိက FM များပေါ်ပေါက်လာပြီးနောက်ပိုင်း ရုပ်သံထုတ်လွှင့်သူတွေရဲ့ အရည်အသွေးနဲ့ content ပိုင်းဆိုင်ရာ ပြိုင်ဆိုင်မှုတိုးတက်လာတဲ့နည်းတူ တစ်ဖက်မှာလည်း အင်တာနက်၊ မိုဘိုင်းဖုန်းနဲ့ မော်တော်ယာဉ်စတဲ့ infrastructure ပိုင်းနဲ့ မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲဖြစ်ထွန်းတိုးတက်မှုတွေရဲ့ နောက်ဆက်တွဲကြောင့်လည်း ဒီလို သောတရှင်အရေအတွက် မြင့်တက်ခဲ့တာဖြစ်တယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

ဒီစစ်တမ်းရဲ့အဆိုအရ ပြီးခဲ့တဲ့နှစ်တွေအတွင်း မြန်မာပြည်သူတွေရဲ့ မီဒီယာအသုံးပြုမှုဟာ သိသိသာသာ မြင့်တက်ခဲ့ပြီး လျှပ်စစ်မီး ပိုမိုတိုးတက်ရရှိလာမှုနဲ့ အထူးသဖြင့် TV နဲ့ mobile internet တို့လို အများစုရဲ့ ဝင်ငွေနဲ့ လက်လှမ်းမီလာတဲ့ မီဒီယာပစ္စည်းတွေကြောင့် အခုလို မီဒီယာအသုံးပြုမှုတွေ မြင့်တက်လာတာလို့ ဆိုပါတယ်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာနေတဲ့ ပုဂ္ဂလိက နေ့စဉ်ထုတ်သတင်းစာ၊ TV channels နဲ့ အင်တာနက်စာမျက်နှာများကလည်း ပြည်သူတွေအတွက် ရွေးချယ်ပိုင်ခွင့် ပိုမိုတိုးတက်ရရှိစေခဲ့ကြောင်းနဲ့ အဲဒီထဲကမှ အသက် (၃၉) နှစ်အောက် ပရိသတ်တွေရဲ့ ၇၅ ရာခိုင်နှုန်းဟာ နေ့စဉ် အင်တာနက် Online အသုံးပြုလျက်ရှိကြတယ်လို့ စစ်တမ်းက ဆိုပါတယ်။ ဒါ့အပြင် သက်ကြီးပိုင်း ပရိသတ်တွေနဲ့ ကျေးလက်ဒေသမှာနေထိုင်တဲ့ ပြည်သူတွေအတွက် ရေဒီယိုဟာပင်မသတင်းအချက်အလက် ဖြန့်ဝေရာ မီဒီယာတစ်ခုအနေနဲ့ ရှိနေဆဲဖြစ်ကြောင်းနဲ့ တစ်ဖက်မှာလည်း မြို့ပြဒေသတွေမှာ မော်တော်ယာဉ်နဲ့ မိုဘိုင်းဖုန်းတွေ အသုံး ပြုမှုများလာတဲ့အတွက် ရေဒီယိုအသုံးပြုမှုဟာလည်း သိသိသာသာ မြင့်တက်လာခဲ့တယ်လို့ ဆိုပါတယ်။ မြို့ပြနေ နားဆင်သူပရိသတ်အများစုက မော်တော်ယာဉ် အသုံးပြုနေတဲ့အချိန် သို့မဟုတ် မိုဘိုင်းဖုန်းတွေကတစ်ဆင့် ရေဒီယိုကို နားထောင်လေ့ရှိပေမယ့် အများစုက သီချင်းအစီအစဉ်တွေကို ပိုပြီးကြိုက်နှစ်သက်ကြတာဖြစ်တယ်လို့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။

တကယ်တော့ ရေဒီယိုဆိုတာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအရပ်ရပ်မှာ နားဆင်သူပရိသတ် အခိုင်အမာနဲ့ နှစ်ပေါင်းရာချီ သက်တမ်းရှိပြီဖြစ်တဲ့ အထိရောက်ဆုံး လူထုဆက်သွယ်ရေး မီဒီယာတစ်ခု ဖြစ်ပါတယ်။ သတင်းစာ၊ ရုပ်မြင်သံကြား၊ Multimedia နဲ့ အင်တာနက်တို့လို လူထုဆက်သွယ်ရေး မီဒီယာပေါင်းများစွာရှိတဲ့အနက်မှ ရေဒီယိုဟာ သုံးစွဲသူတွေအတွက် အလွယ်ကူဆုံးနဲ့ အလျင်မြန် အထိရောက်ဆုံး မီဒီယာဖြစ်ပြီး ရေဒီယိုကို စတင်တီထွင်ခဲ့တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်က စတင်ပြီး ယနေ့ထက်တိုင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေတာ တွေ့ရပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံအတွက် ရေဒီယိုဟာ ယနေ့ထိတိုင် အကောင်းဆုံးနဲ့ ပရိသတ်နားဆင်မှုအများဆုံး လူထုဆက်သွယ်ရေးမီဒီယာအဖြစ် ဆက်လက်ရပ်တည်နေဆဲလည်း ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ ရေဒီယိုကို လူထုဆက်သွယ်ရေး မီဒီယာအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံအသုံးပြုနေခြင်းမှာ ခရီးဆောင် (Portable device) အဖြစ် အသုံးပြုရလွယ်ကူခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ လျှပ်စစ်မီးကဲ့သို့ အခြေခံအဆောက်အအုံများမရှိဘဲ အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် ဖြစ်ကြောင်းနဲ့ နောက်ထပ် ဆယ်စုနှစ်များစွာအထိ ရေဒီယိုရဲ့ အခန်းကဏ္ဍက ဆက်လက်တည်ရှိနေဦးမှာ ဖြစ်ကြောင်း ရေဒီယိုရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး ပညာရှင်များက ခန့်မှန်းထားပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိရေဒီယို အသုံးပြုမှုရဲ့ အလားအလာနဲ့ စပ်လျဉ်းပြီးလည်း ဒီအတိုင်းပဲသုံးသပ်ရမှာ ဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော် ဓာတ်အားစနစ်မှာ ဓာတ်အားပေးစက်ရုံ ၄၃ ရုံမှ တပ်ဆင်စက်အင်အား ၄၉၈၇ မဂ္ဂါဝပ် ရှိနေပြီး လက်ရှိ တစ်နိုင်ငံလုံး အိမ်ထောင်စု ဦးရေရဲ့ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရနေတယ်လို့ သိရပါတယ်။ ဒါ့အပြင် နှစ်စဉ် နိုင်ငံတော်မှာ ဓာတ်အားလိုအပ်ချက် နှစ်စဉ် ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ရှိနေတဲ့အတွက် ကျေးလက်ဒေသတွေကိုပါ တိုးချဲ့ဓာတ်အားပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြီးခဲ့တဲ့ မေ ၂၀ ရက်က ပြည်သူ့လွှတ်တော်မှာ မေးခွန်းများဖြေကြားစဉ် ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါ့ကြောင့် လျှပ်စစ်မီးအသုံးပြုနိုင်ခြင်းမရှိသေးတဲ့ ကျေးလက်နေပြည်သူတွေအတွက်လည်း ရေဒီယိုဟာ အဓိကသတင်းအချက်အလက် ရယူရာ မီဒီယာရင်းမြစ်ကြီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဦးမှာ ဖြစ်ပါတယ်။

တစ်ဖက်မှာ ယခုလို ရေဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာတဲ့နည်းတူ အခြားတစ်ဖက်မှာလည်း ရေဒီယို ထုတ်လွှင့်မှုနည်းပညာနဲ့ ပတ်သက်ပြီး နိုင်ငံတကာမှာ ပြောင်းလဲဆောင်ရွက်နေတဲ့ နည်းပညာတွေ၊ နည်းစနစ်တွေနဲ့စပ်လျဉ်းပြီး ထိတွေ့လေ့လာနေဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒီလို လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ အာရှ ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်း (ABU) ရဲ့ ရေဒီယိုဆိုင်ရာ ညီလာခံ (ABU Radio Asia 2015 Conference) နဲ့ ABU ရေဒီယို သီချင်းဖျော်ဖြေတင်ဆက်ပွဲ (ABU Radio Song Festival) အခမ်းအနားတွေကို မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ်နဲ့ ရန်ကုန်မြို့မှာ မေ ၂၈ ရက်ကနေ မေ ၃၀ ရက်အထိ လက်ခံကျင်းပခဲ့ပါတယ်။ ABU Radio Asia Conference ဆိုတာကတော့ လူဦးရေ ပရိသတ် သုံးဘီလီယံလောက်ရှိတဲ့ အာရှ-ပစိဖိတ်ဒေသတွင်းက နိုင်ငံပေါင်း ၆၄ နိုင်ငံက အဖွဲ့ဝင်ပေါင်း ၂၅၀ ကျော်နဲ့ ဖွဲ့စည်းထားတဲ့ ABU အတွက် တစ်ခုတည်းသော နိုင်ငံတကာအဆင့် ရေဒီယိုအစီအစဉ်ပိုင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကြီးလည်း ဖြစ်ပါတယ်။ ABU ရဲ့ သက်တမ်း ၅၁ နှစ်အတွင်း အခုလို တွေ့ဆုံ ဆွေးနွေးပွဲမျိုးတွေကနေ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ ရေဒီယိုလောကသားတွေနဲ့ ရေဒီယိုထုတ်လွှင့်သူတွေရဲ့ အမြင်သဘောထား၊ အတွေ့အကြုံနဲ့ နည်းပညာတွေကို အပြန်အလှန် ရင်းနှီးစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ကြတဲ့ အစဉ်အလာကောင်းတွေလည်း ရှိခဲ့ပါတယ်။

ABU Radio Asia Conference နဲ့ ABU Radio Song Festival အခမ်းအနားတွေကို ပထမအကြိမ်အဖြစ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ၂၀၁၂ ခုနှစ်က ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ကိုတော့ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှာ ၂၀၁၄ ခုနှစ်က ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ အခုအကြိမ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အိမ်ရှင်အဖြစ် မြန်မာနိုင်ငံ ရန်ကုန်မြို့မှာ ကျင်းပတဲ့ပွဲကတော့ တတိယအကြိမ်မြောက်ဖြစ်ပါတယ်။

အခုနှစ် ကျင်းပတဲ့ ABU Radio Asia 2015 Conference ကိုတော့ အာရှပစိဖိတ်ဒေသတွင်း နိုင်ငံ (၂၆) နိုင်ငံမှ ကိုယ်စားလှယ် ၉၇ဦးနဲ့ ပြည်တွင်းမှ ကိုယ်စားလှယ် ၁၂၀ ခန့် ပါဝင်တက်ရောက်ခဲ့တယ်။ ရန်ကုန်မြို့ Sule Shangri-La Hotel မှာ ကျင်းပတဲ့ ABU Radio Asia 2015 Conference မှာ နိုင်ငံတကာက Speaker ၂၄ ဦးနဲ့ ပြည်တွင်းက Speaker လေးဦး စုစုပေါင်း ၂၈ ဦးက သူတို့ရဲ့ သက်ဆိုင်ရာ ဘာသာရပ်အလိုက် အတွေ့အကြုံတွေကို ဆွေးနွေး တင်ပြသွားခဲ့ကြပါတယ်။

တစ်ဖက်မှာ back to back အဖြစ် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံမှာ မေ ၂၉ ရက်မှာ ကျင်းပပြုလုပ်တဲ့ ABU Radio Song Festival ကိုတော့ အာရှ-ပစိဖိတ်ဒေသအတွင်းမှာရှိတဲ့ နိုင်ငံတွေထဲက ဝါသနာရှင် ပါရမီရှင် လူငယ်တွေရဲ့ ကိုယ်တိုင်ဖန်တီးထားတဲ့ တေးသီချင်းများနဲ့ တေးသွားများကို ဖော်ထုတ်မြှင့်တင်ပေးရန်၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုပ်သံလွှင့်အဖွဲ့အစည်း (ABU)ရဲ့ ရေဒီယိုအဖွဲ့ဝင်များ အတူတကွပူးပေါင်းပါဝင်ဆင်နွှဲနိုင်တဲ့ လှုပ်ရှားမှုတွေကို ဖော်ဆောင်ရန်နဲ့ ဒေသတွင်း ဂီတဆိုင်ရာ အရည်အသွေးရှိသူတွေရဲ့ လက်ရာတေးသီချင်းတွေကို တင်ဆက်ပြသရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လက်ခံကျင်းပပြုလုပ်တာလည်းဖြစ်ပါတယ်။ ABU Radio Song Festival 2015 Gala Event ကို မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ဂီတဝါသနာရှင်များနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များရဲ့ သီဆိုကပြဖျော်ဖြေမှုတွေနဲ့အတူ ခမ်းခမ်းနားနား ကျင်းပပြုလုပ်တာလည်း ဖြစ်ပါတယ်။

ကဏ္ဍပေါင်းစုံက ပြုပြင်ပြောင်းလဲတိုးတက်မှုတွေနဲ့အတူ နိုင်ငံတကာမှာ မျက်နှာပန်းပွင့်နေတဲ့ မြန်မာနိုင်ငံအတွက် အခုလို ခမ်းနားကြီးကျယ်တဲ့ နိုင်ငံတကာအဆင့် ဆွေးနွေးပွဲနဲ့ ဂီတဖျော်ဖြေပွဲတွေကို အိမ်ရှင်အဖြစ် အောင်အောင်မြင်မြင်လက်ခံကျင်းပနိုင်ခဲ့ခြင်းဟာလည်း မြန်မာနိုင်ငံရဲ့ ရေဒီယိုအသံလွှင့်လောကအတွက် ထူးခြားတဲ့ သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းလို့ ဆိုနိုင်ပါတယ်။ ဒီလို ဆွေးနွေးပွဲတွေမှာ မြန်မာနိုင်ငံရဲ့ ရေဒီယိုမီဒီယာလောကသားများအနေနဲ့ ပါဝင်တက်ရောက်ကာ ဆွေးနွေးအမြင်ချင်းဖလှယ်နိုင်ခဲ့ခြင်းဟာလည်း ပါဝင်တက်ရောက် ဆွေးနွေးခွင့်ရရှိခဲ့သူ ရေဒီယိုဝန်ထမ်းများနဲ့ အစီအစဉ် ထုတ်လုပ်သူများအတွက် နိုင်ငံတကာရဲ့အတွေ့အကြုံနဲ့ သင်ခန်းစာတွေကတစ်ဆင့် အကျိုးကျေးဇူးများရစေခဲ့ရုံသာမက ဒီလိုသိရှိပြီး ဆန်းသစ်တီထွင်ထုတ်လုပ်လိုက်တဲ့ အရည်အသွေးမြင့် ရေဒီယိုအစီအစဉ်တွေကို စောင့်မျှော် နားသောတဆင်လျက်ရှိတဲ့ သောတရှင် ပရိသတ်တွေအတွက်လည်း များစွာအကျိုးကျေးဇူးများစေမှာ အမှန်ဖြစ်ပါတော့တယ်ခင်ဗျာ။ ။

**ကဏ္ဍပေါင်းစုံက ပြုပြင်ပြောင်းလဲတိုးတက်မှုတွေနဲ့အတူ နိုင်ငံတကာမှာ မျက်နှာပန်းပွင့်နေတဲ့ မြန်မာနိုင်ငံအတွက် အခုလို ခမ်းနားကြီးကျယ်တဲ့ နိုင်ငံတကာအဆင့် ဆွေးနွေးပွဲနဲ့ ဂီတဖျော်ဖြေပွဲတွေကို အိမ်ရှင်အဖြစ် အောင်အောင်မြင်မြင်လက်ခံကျင်းပနိုင်ခဲ့ခြင်းဟာလည်း မြန်မာနိုင်ငံရဲ့ ရေဒီယိုအသံလွှင့်လောကအတွက် ထူးခြားတဲ့ သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းလို့ ဆိုနိုင် . . .**

# သာယာဝတီမင်းခေါင်းလောင်းကြီးနှင့် အရွယ်တူ မဟာဝိဇယ ခေမသီတလ နိဗ္ဗုတဃောသ မဟာမင်္ဂလာခေါင်းလောင်းတော်ကြီးထားဝယ်မြို့သို့ရောက်ရှိ



**ထားဝယ် မေ ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင် ပြည်သူများ စုပေါင်းပါဝင် လှူဒါန်းမှုဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကျက်သရေဆောင်ရွှေတောင်စားစေတီတော်မြတ်ကြီး၏ အောက်ပစ္စယာအင်္ဂါထောင့်၌ ဘုံခုနစ်ဆင့်ပြာသာဒ်တော်ဖြင့် အပူဇော်ခံထားရှိမည့် မဟာဝိဇယ ခေမသီတလ နိဗ္ဗုတဃောသ မဟာမင်္ဂလာခေါင်းလောင်းတော်ကြီးသည် မေ ၂၆ ရက်တွင် မန္တလေးမြို့မှစတင်ထွက်ခွာလာပြီး မေ ၂၉ ရက်တွင် ထားဝယ်မြို့သို့ရောက်ရှိလာကာ မောင်မယ်ရှောင်ကျေးရွာ ရှင်ခါတ်ဝဲဘုရားကြီးအနီးတွင် ညအိပ်ရပ်နားအပူဇော်ခံထားရှိသည်။

ဆက်လက်၍ မဟာဝိဇယ ခေမသီတလ နိဗ္ဗုတဃောသ မဟာမင်္ဂလာခေါင်းလောင်းတော်ကြီးကို မေ ၃၀ ရက်မွန်းလွဲ ၂ နာရီတွင် မောင်မယ်ရှောင် ကျေးရွာမှဘုရားကြီးဝင်းအတွင်းသို့ အပူဇော်ခံလာရာ လမ်းတစ်လျှောက်၌တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘုရားကြီး ဂေါပကအဖွဲ့ဝင်များ၊ အကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ပြည်သူလူထုများက သာသနာ့အလံများ ကိုင်ဆောင်၍ စည်ကားသိုက်မြိုက်စွာဖြင့် လိုက်ပါကြည်ညိုကြသည်။

ခရီးလမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများက ဖျော်ရည်များ၊ စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကာ မဟာဝိဇယ ခေမသီတလ နိဗ္ဗုတဃောသမဟာမင်္ဂလာ ခေါင်းလောင်းတော်ကြီးကို စုရပ်ဖြစ်သော ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန် ဘုရားကြီးဝင်းအတွင်း၌ ပူဇော်ခံထားရှိသည်။

မဟာဝိဇယ ခေမသီတလ နိဗ္ဗုတဃောသ မဟာမင်္ဂလာ ခေါင်းလောင်းတော်ကြီးသည် လက်ရှိ မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးစာရင်းဝင် ရွှေတိဂုံစေတီတော်မြတ်ကြီး တနင်္ဂနွေထောင့်ရှိသာယာဝတီမင်းခေါင်းလောင်းတော်နှင့်အရွယ်တူဖြစ်ပြီး ကြေးပိဿာချိန် ၁၁၇၇၇ ပိဿာ၊ အမြင့် ၁၂ ပေ၊ အချင်း ၇ ပေ ၅ လက်မ၊ ထု ၁ ပေရှိ၍ခေါင်းလောင်းတော်ကြီးတွင် ငြိမ်းချမ်းသာယာသော နိမိတ်ပုံအဖြစ် လောကနတ်ရုပ်တုနှင့် မြန်မာမှုအနုပညာများကို တင့်တယ်စွာ တပ်ဆင်ပြုလုပ်ထားကြောင်း သိရသည်။

ခေါင်းလောင်းတော်ကြီးကို မေ ၃၁ ရက် ညနေ ၆ နာရီခွဲတွင် စုရပ်ဖြစ်သော ဘုရားကြီးဝင်းအတွင်းမှ ကိုယ်စားတော်လေးဆူနှင့် အတူ ထားဝယ်မြို့အတွင်းသို့ လှည့်လည်ပူဇော်ခံကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

# ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်



**မန္တလေး မေ ၃၁**

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတွင် မေ ၃၁ ရက် နံနက် ၃ နာရီ ခွဲခန့်က ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသည့် Elite ခရီးသည် ပို့ဆောင်ရေး ယာဉ်တစ်စီး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၅၇/၀) တံတားဦးမြို့အရှေ့ဘက် ဆုံကုန်းအဝိုင်း လမ်းလယ်ကျွန်းအား ဝင်ရောက်တိုက်သဖြင့် ငါးဦးသေဆုံးကာ ၁၅ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်- မန္တလေး - ပြင်ဦးလွင် ခရီးစဉ်အဖြစ် ယာဉ်မောင်း ကျော်စိုး (၃၅)နှစ် မောင်းနှင်လာသောခရီးသည် အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ၁၅ဦး လိုက်ပါလာသည့် Elite ခရီးသည်ပို့ဆောင်ရေး ယာဉ်အမှတ် YGN (2/××××)သည် မိုင်တိုင်အမှတ် (၃၅၇/၀)အရောက် ဆုံကုန်းအဝိုင်း လမ်းလယ်ကျွန်းအား ဝင်ရောက်တိုက်မိပြီး တိမ်းမှောက်ခဲ့ရာ အမျိုးသမီးလေးဦး၊ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ငါးဦး ဒဏ်ရာရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား တံတားဦးမြို့နယ်ဆေးရုံတွင် ရှေးဦးစွာ ကုသပြုစုပေးခဲ့ပြီး မန္တလေးဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်စိုးအား အမြန်လမ်းမကြီးရဲစခန်း(စကားအင်း)က အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# မြန်အောင်၌ မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေး

**မြန်အောင် မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၉ ရက်က ရွာတောကျေးရွာအုပ်စု၌ တောင်သူ ၁၁၄ ဦး၏ လယ်မြေ ၅၁၇ ဧကအတွက် ငွေကျပ် ၅၁၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ် ကျေးရွာအုပ်စု ၅၇ အုပ်စုမှ တောင်သူ ၁၇၀၀၀ ကျော်အား ငွေကျပ်သိန်းပေါင်း ၉၉၀၀၀ ကျော် ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဒေါ်ခင်မြင့်ရီက ပြောသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုရလဒ်များမှ ဖော်ထုတ်ရရှိခဲ့သော သန်းခေါင်စာရင်းမှ ညွှန်းဆိုသည့် မြန်မာ့ပုံရိပ်အကျဉ်းချုပ်

(ယမန်နေ့မှအဆက်)

**လူမှုရေးဆိုင်ရာဝိသေသလက္ခဏာများ**

❖ အိမ်ထောင်ရှိသူအမျိုးသားအချိုးသည်အိမ်ထောင်ရှိသူအမျိုးသမီး အချိုးထက်ပိုမိုများပြားသည်။ အိမ်ထောင်မပြုသည့် အမျိုးသမီးများစွာ ရှိနေပြီး မုဆိုးမအချိုးမှာ ၁၀ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး မုဆိုးဖိုအချိုးသည် ၃ ဒသမ ၁ ရာခိုင်နှုန်း ရှိသည်။

❖ အမျိုးသမီးများသည် အမျိုးသားများထက်စော၍ မုဆိုးမဖြစ်ကြပြီး မုဆိုးဖို၊ မုဆိုးမအဖြစ်ရောက်ရှိသည့် အသက်သည်အမျိုးသမီးများအတွက် အသက်(၃၅)နှစ်မှအသက်(၄၀)နှစ်အတွင်းဖြစ်ပြီး အမျိုးသားများအတွက် အသက်(၅၅)နှစ်ဖြစ်သည်။ အိမ်ထောင်ရှိအမျိုးသမီးအချိုးသည် အသက်(၃၅)နှစ်မှ(၃၉)နှစ်ကြားတွင် အမြင့်ဆုံးဖြစ်ပြီး အိမ်ထောင်ရှိသူအမျိုးသားအချိုးသည် အသက်(၄၅)နှစ်မှ (၄၉)နှစ်ကြားတွင် အမြင့်ဆုံးဖြစ်သည်။

**ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကိစ္စရပ်များ**

❖ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းတွင်အမျိုးသမီးများသည်အမျိုးသားများထက် ပိုမိုရွှေ့ပြောင်းသွားလာကြသည်။ အမျိုးသမီးအများစုမှာ မိသားစုနောက်လိုက်ပါရန်ပြောင်းရွှေ့ကြခြင်းဖြစ်ပြီး အမျိုးသားများကမူအလုပ်ကြောင့်(သို့) အလုပ်ရှာရန်အတွက်ပြောင်းရွှေ့နေကြခြင်းဖြစ်သည်။

❖ ပြည်ပရွှေ့ပြောင်းသွားလာခြင်းတွင် နိုင်ငံခြားသို့ရောက်နေသောအိမ်ထောင်စုဝင်များ၏ ၆၁ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ကြသည်။ နိုင်ငံခြားသို့ရောက်နေသော အိမ်ထောင်စုဝင်အများစုသည် မွန်၊ ကရင်၊ ရှမ်းပြည်နယ်တို့မှဖြစ်သည်။

❖ နိုင်ငံခြားသို့ရောက်ရှိနေသောသူအများစုမှာအသက်(၁၅)နှစ်မှ (၃၉) နှစ်အတွင်း လူငယ်လူရွယ်များဖြစ်ကြသည်။

❖ နိုင်ငံခြားသို့ရောက်နေသော (၇၀)ရာခိုင်နှုန်းသည်ထိုင်းနိုင်ငံတွင်ရောက်ရှိနေထိုင်လျက်ရှိကြောင်း တွေ့ရှိရသည်။

**ပညာရေးအခြေအနေ**

❖ အသက်(၁၀)နှစ်အထက်စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၉၀ ဒသမ ၂ ဖြစ်၍ အသက်(၁၅)နှစ်နှင့် အထက်စာတတ်မြောက်မှုရာခိုင်နှုန်းသည် ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ စာတတ်မြောက်မှုနှုန်းအမြင့်ဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်၍ ၉၇ ရာခိုင်နှုန်းဖြစ်သည်။ ရှမ်းပြည်နယ်သည် ၆၅ ရာခိုင်နှုန်းဖြစ်၍ အနိမ့်ဆုံးဖြစ်သည်။

❖ အမျိုးသားစာတတ်မြောက်မှုရာခိုင်နှုန်းမှာ အမျိုးသမီးစာတတ်မြောက်မှုရာခိုင်နှုန်းထက်ပိုမိုမြင့်မားနေကြောင်း တွေ့ရှိရသည်။

❖ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုရာခိုင်နှုန်းသည် အာဆီယံနိုင်ငံများ၏ ပျမ်းမျှစာတတ်မြောက်မှုရာခိုင်နှုန်းနှင့်တူညီမှုရှိသည်။

❖ အသက်(၅)နှစ်မှ (၂၉)နှစ်အတွင်း ကျောင်းတက်နေသူအမျိုးသားနှင့် အမျိုးသမီးအချိုးတူညီပြီး ကျောင်းတက်ရောက် ပညာသင်ကြားမှုတွင် ကျား/မ ခွဲခြားမှုမရှိကြောင်းတွေ့ရှိရသည်။

**စီးပွားရေးဆိုင်ရာဝိသေသလက္ခဏာများ**

❖ မြန်မာနိုင်ငံတွင်အလုပ်လုပ်နိုင်သောအသက်အရွယ်ဖြစ်သည့်အသက်(၁၅)နှစ်နှင့် (၆၄)နှစ်ကြားလူဦးရေ၏ ၆၇ ရာခိုင်နှုန်းသည် လုပ်သားအင်အားစုတွင်ပါဝင်သည်။

❖ အလုပ်အကိုင်ရရှိမှုနှင့်လူဦးရေအချိုးမှာ ၆၄ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။

❖ အလုပ်လုပ်နိုင်သောလူဦးရေ၏ ၄ ရာခိုင်နှုန်းသည်အလုပ်လက်မဲ့များဖြစ်ပြီး အထူးသဖြင့် အသက်(၁၅)နှစ်နှင့် (၂၉)နှစ်ကြားလူငယ်လူရွယ်များအတွင်း အလုပ်လက်မဲ့ ၇ ဒသမ ၇ ရာခိုင်နှုန်းရှိ၍နိုင်ငံ၏ ပျမ်းမျှအလုပ်လက်မဲ့နှုန်းထက်ပိုမိုများပြားလျက်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

# ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ကြံခင်း မေ ၃၁**

၂၀၁၅-၂၀၁၆ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၁ ရက်က ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအဏ္ဏဝါအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းကကျောင်းအပ်နှံရေးနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြို့နယ်ပညာရေးမှူးက ပုံနှိပ်စာအုပ် ၁၃၀၇၂ စုံနှင့် ဗလာစာအုပ် ၃၇၀၃ ဒါဇင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဗလာစာအုပ်များ၊ မိတ္တာအောင် ကုမ္ပဏီနှင့် ပန်းစံပါယ်အထည်ချုပ်မိသားစုက ငွေကျပ် ၃၄ သိန်းတန်ဖိုးရှိ ကျောပိုးအိတ်နှင့် မိုးကာများ၊ ကရုဏာလူမှုကူညီရေးအဖွဲ့က ငွေကျပ် ကိုးသိန်းတန်ဖိုးရှိခဲတံနှင့် ဗလာစာအုပ်များပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

အလားတူကျောင်းအပ်နှံရေးနေ့အခမ်းအနားများကို မုခ်ထုတ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(အလက)မြောင်ကြီးနှင့် ပေတော(အမက) ကျောင်းတို့၌လည်း ကျင်းပခဲ့ကြကြောင်းသိရသည်။

**မသူ(ပြန်/ဆက်)**

# ကိုရီးယားဇာတ်လမ်းတွဲတွေမှာ စတားဖြစ်နေတဲ့ မင်းသမီး ဟန်ဟိုဂျူး



မြန်မာပရိသတ်များစွဲလမ်းနှစ်ခြိုက်စွာ အားပေးလျက်ရှိသည့် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများတွင် လတ်တလောနာမည်ကြီးနေသည့် သရုပ်ဆောင်များစာရင်းတွင် မင်းသမီးဟန်ဟိုဂျူးလည်းပါဝင်ကြောင်း ကိုရီးယားသတင်းစာမျက်နှာတွင် ရေးသားထားသည့်အတွက် ဟန်ဟိုဂျူး၏ အနုပညာလောကထဲဝင်ရောက်ခဲ့ပုံနှင့် ရိုက်ကူးပြီးသော ဇာတ်လမ်းတွဲများအား မြန်မာပရိသတ်များအတွက် ဝေမျှလိုက်ပါသည်။

ကိုရီးယားမင်းသမီး ဟန်ဟိုဂျူးကို ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင်မွေးဖွားခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ဆယ်ကျော်သက်အလှမယ်ရွေးပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရာမှ အလှမယ်ဘွဲ့ရရှိခဲ့သည်။ နောက်ပိုင်းတွင် ရုပ်သံဇာတ်လမ်းတွဲများရိုက်ကူးပြီး သရုပ်ဆောင်အဖြစ် အနုပညာလောကထဲဝင်ရောက်လာခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် MBCက ရိုက်ကူးသည့် Nonstop 5 ဇာတ်လမ်းတွဲတွင် နာမည်ကြီးသရုပ်ဆောင်များဖြစ်သည့် တက်ဘလိုနှင့် ဟန်ဆိုအာတို့နှင့် တွဲဖက်သရုပ်ဆောင်ရာမှ သရုပ်ဆောင်အဖြစ် ပရိသတ်လက်ခံအားပေးမှု ရလာခဲ့သည်။

၂၀၀၉ ခုနှစ်တွင် Brilliant Legacy ဒရမ်မာဇာတ်လမ်းတွဲတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခွင့်ရရှိခဲ့ပြီး လီဂျွန်ကီနှင့်အပြိုင်သရုပ်ဆောင်ထားသည့် Iljimae ဇာတ်လမ်းတွဲသည် ဟန်ဟိုဂျူးအားနာမည်ကြီးစတားတစ်ယောက်အဖြစ်သို့ ရောက်ရှိစေခဲ့သည်။ တောင်ကိုရီးယားအလှမယ်ဟန်၏ ၂၀၁၀ ခုနှစ်တွင် ထွက်ရှိထားသည့် Dong Yi ဒရမ်မာဇာတ်လမ်းတွဲမှာ လူကြိုက်များသော ကိုရီးယားနန်းတွင်းဇာတ်လမ်းတွဲတစ်ခု ဖြစ်ခဲ့ပြီး 34th Blue Dragon Film Awards ဆုပေးပွဲတွင် Cold Eyes ရုပ်ရှင်ဖြင့် အကောင်းဆုံးသရုပ်ဆောင်မင်းသမီးဆုကို ဆွတ်ခူးရရှိခဲ့သည်။ ယခုနောက်ဆုံးအသစ်ထွက်ရှိထားသည့် ရုပ်ရှင်ဇာတ်ကားမှာ C'est Si Bon ဖြစ်သည်။

ပရိသတ်အချစ်တော် မင်းသမီးဟန်သည် ရုပ်ရှင်ထူးချွန်ဆုကို ရရှိထားရုံသာမက သူ၏လှပသောအသားအရေနှင့် အပြုံးချိုချိုလေးများကြောင့်လည်း တောင်ကိုရီးယားတွင် သာမက အရှေ့တောင်အာရှနိုင်ငံများတွင်ပါ ကျော်ကြားသည့် မင်းသမီးတစ်ယောက်ဖြစ်သည်။

**ပန်းသော်တာ**

# အရီရန်နာဂရန်ဒီဖွင့်ပြောလာတဲ့ တတိယမြောက်တေးအယ်လ်ဘမ်



မကြာမီတွင် သူ၏ တတိယမြောက်တေးအယ်လ်ဘမ်သစ်ကို စတင်ဖြန့်ချိတော့မည်ဖြစ်ကြောင်း အမေရိကန် ပေါ့ပ်အဆိုတော် အရီရန်နာဂရန်ဒီက ပြီးခဲ့သည့် သောကြာနေ့တွင် ပရိသတ်များကို စကားလက်ဆောင်ပါးခဲ့သည်။

သူက အဆိုပါ တတိယမြောက် တေးအယ်လ်ဘမ်နှင့် ပတ်သက်သည့် အချက်အလက်များကို အင်စတာဂရမ်စာမျက်နှာပေါ်တွင် ပရိသတ်များအတွက် ဖော်ပြပေးခဲ့သည်။ ဂရန်ဒီက ယင်းတေးအယ်လ်ဘမ်အမည်ကို Moonlight ဟု ပေးထားပြီး အင်စတာဂရမ်ပေါ်တွင် ပရိသတ်တစ်ဦး နှင့် အပြန်အလှန်စကားပြောကြားခဲ့ရာမှ မထင်မှတ်ဘဲ အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တေးအယ်လ်ဘမ်တွင် ပါဝင်သော သီချင်းများကို သူ၏ ကျော်ကြားခဲ့သော သီချင်းများဖြစ်သည့် My Everything၊ Only နှင့် Cadillac Song တို့ကို ပူးတွဲရေးစပ်ခဲ့သည့် ဗစ်တိုးရီးယား မွန်နက်ထ်နှင့်ပင် အတူရေးစပ်ခဲ့ကာ ယင်းတေးအယ်လ်ဘမ်သည် သူ၏ တတိယမြောက်တစ်ကိုယ်တော်တေးအယ်လ် ဘမ်လည်းဖြစ်သည်။ သို့သော် စတင်ထုတ်လွှင့်မည့်ရက် အတိအကျကိုမူ ဖော်ပြခဲ့ခြင်းမရှိချေ။

**စေအးမြတ်**


# ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် ဇွန် ၅ ရက်မှ ဇွန် ၇ ရက်ထိ အခမဲ့ပြသမည့် ဂန္တဝင်ရုပ်ရှင်ဇာတ်ကားများ

| | | | | |
|---|---|---|---|---|
| **June 5** | | | | |
| 9:00 AM | ***Wanda***, 1970, by Barbara Loden (USA) | 102 mn | English | HALL 1 |
| 10:30 AM | ***Passerine Bird***, 1962, by Nguyen Van Thong & Tran Vu (Vietnam) | 43 mn | Vietnamese with English subtitles | HALL 2 |
| 11:30 AM | ***Sunset Boulevard***, 1950, by Billy Wilder (USA) | 110 mn | English with English subtitles | HALL 1 |
| 02:00 PM | ***Mr Sweet Smiley***, 1955, by Mya Maung (Myanmar)<br>Myanmar Film Treasures | 118 mn | Myanmar Language | HALL 1 |
| 04:30 PM | ***The Passion of Joan of Arc***, 1928, by Carl Theodor Dreyer (France) | 88 mn | French with English subtitles | HALL 1 |
| 06:30 PM | ***All About Eve***, 1950 by Joseph L. Mankiewicz (USA) | 138 mn | English with English subtitles | HALL 1 |
| **June 6** | | | | |
| 09:00 AM | ***The Goddess***, 1934, by Wu Yonggang (China) | 73 mn | Mandarin with English subtitles | HALL 1 |
| 11:00 AM | ***The Consequences of Feminism***, 1906, by Alice Guy (France) & ***The Smilling Madame Beudet***, 1922, by Germain Dulac (France)<br>**Live accompaniment by Itō and his band** | 6 mn<br>44mn | French with English subtitles | HALL 1 |
| 12:00 PM | ***Poem for Babies***, 1971, by Win Oo (Myanmar)<br>Myanmar Film Treasures | 140 mn | Myanmar Language | HALL 1 |
| 03:00 PM | ***The Adventures of Prince Achmed***, 1926, by Lotte Reiniger (Germany)<br>**Live accompaniment by Laurel Art Academy**<br>Kids Screening | 65 mn | German with English subtitles | HALL 1 |
| 03:00 PM | Conference by Frances Calvert «Fritz Lang's "Metropolis"- its impact on world cinema» | 60 mn | | HALL 2 |
| 06:00 PM | ***Metropolis***, 1927, by Fritz Lang (Germany)<br>Screening at the National Theater<br>**Live accompaniment by the pianists Pierre Ozer & Katharina Brandl** | 148 mn | German with English subtitles | National Theater |
| **June 7** | | | | |
| 09:00 AM | ***Breakfast at Tiffany's***, 1961, by Blake Edwards (USA) | 115 mn | English with English subtitles | HALL 1 |
| 11:30 AM | ***Red Peony Gambler: Flower Cards Match***, 1969, by Tai Katō (Japan) | 98 mn | Japanese with English subtitles | HALL 1 |
| 01:00 PM | ***Life, Once Upon a Time***, 1978, Maung Tin Oo (Myanmar)<br>Myanmar Film Treasures | 111 mn | Myanmar Language | HALL 1 |
| 04:00 PM | ***Red Peony Gambler: Oryu's Visit***, 1970, by Tai Katō (Japan) | 100 mn | Japanese with English subtitles | HALL 1 |
| 06:00 PM | ***The Blue Angel***, 1930, by Josef von Sternberg (Germany) | 107 mn | German with English subtitles | HALL 1 |
| 08:00 PM | ***Imitation of Life***, 1959, by Douglas Sirk (USA) | 125 mn | English with English subtitles | HALL 1 |



June 5 • 10:30AM

**Passerine Bird**
(Con Chim Vành Khuyên)
Nguen Van Thong & Tran Vu
Vietnam- 1962
**Vietnamese with English subtitles • 43 mn • Black & White**
In a simple fishing village during Vietnam's struggle for independence, lit Nga and her father try to help the revolutionaries, but the colonial spies a never too far away.



June 5 • 9AM

**Wanda**
Barbara Loden
USA – 1970
**English • 102 mn • Color**
Wanda is down and out. She has left her husband and children, and abandoned herself to drink and chance. When she meets a rude thug at a bar, she decides to follow him, hoping perhaps for some sense of direction.



June 6 • 12PM

**Poem for Babies**
(Ta Kyawt Hna Kyawt Tae Ko Thi)
Win Oo
Myanmar - 1971
**Myanmar • 140 mn- Black & White**
Ko Kyaw Swar is an up-and-coming musician but his mother thinks his passion is immature. He leaves home to seek his fortune and a chance encounter with a radio celebrity teaches him that love is never quite whe you expect to find it.



June 6 • 6PM

**Metropolis**
Fritz Lang
Germany – 1927
**Silent with musical live accompaniment. German intertitles & English subtitles • 148 mn • Black & White**
In the future, the citizens of a towering metropolis are sharply divided between the laborers and upper management. The son of the city's mastermind falls in love with a working class prophet who predicts the coming of a Savior, one who will resolve their differences.



June 7 • 1PM

**Life, Once Upon a Time**
(Ta Kha Ka Ta Bawa)
Maung Tin Oo
Myanmar- 1978
**Myanmar language • 111 mn • Black & White**
A mentally unstable young man stabs a stranger and flees the scene, wandering the countryside. Homeless and with little recollection of his past, he meets a kind old man and his granddaughter who offer him food and shelter. As the police find out about the stabbing and attempt to arrest the young man, his attachment and loyalty to his hosts may just be the medicine necessary to set him on the correct path



June 7 • 4PM

**Red Peony Gambler: Oryu's Visit**
(Hibotan Bakuto: Oryû Sanjô)
Tai Katô
Japan - 1970
**Japanese with English subtitles • 100 mn • Color**
The part two and end of the series "Red Peony"!
Oryu, the wandering female gambler, searches for a blind child she left behind and gets involved in yet another yakuza turf war that culminates in a Tokyo Theatre.

# အက်ဖ်အေဖလားသမိုင်းမှာ အအောင်မြင်ဆုံးအဖြစ် အာဆင်နယ်ရပ်တည်

# အက်ဖ်အေဖလားရရှိပြီးနောက် ပရီမီယာလိဂ်ဖလားအား ပစ်မှတ်ထားရန် ဝဲလ်ကော့တိုက်တွန်း




မေ ၃၀ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲစဉ်မှာ လက်ရှိချန်ပီယံအာဆင်နယ်က ဗီလာကို လေးဂိုးပြတ်နဲ့ အနိုင်ကစားပြီး အက်ဖ်အေဖလားသမိုင်းမှာ အအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်နိုင်ခဲ့ပါတယ်။

အာဆင်နယ်ဟာ ကွင်းလယ်နဲ့ နောက်တန်းလူစာရင်းကို အပြောင်းအလဲ မလုပ်ခဲ့ပေမယ့်လည်း တိုက်စစ်နေရာမှာတော့ ဂီရော့ဒ်အစား ဝဲလ်ကော့နဲ့ပွဲထွက်လာခဲ့ပါတယ်။ ဗီလာအနေနဲ့ အာဆင်နယ်ရဲ့ တရစပ်တိုက်စစ်ဆင်မှုကို ပထမပိုင်း ပွဲပြီးခါနီးအထိ ကြံ့ကြံ့ခံကစားခဲ့ပေမယ့်လည်း ပွဲချိန်မိနစ် ၄၀ မှာတော့ ဝဲလ်ကော့ရဲ့ အဖွင့်ဂိုးကို ခွင့်ပြုခဲ့ရပါတယ်။

နောက်ပိုင်း မှာတော့ အာဆင်နယ်ကပဲ ပွဲကိုစိုးမိုးထားခဲ့ပြီး မိနစ် ၅၀ မှာ ဆန်းချက်ဇ်၊ ၆၂ မိနစ်မှာ မာတီဆက်ကာနဲ့ လူစား ဝင်လာတဲ့ ဂီရော့ဒ်က မိနစ် ၉၀ မှာ ပွဲသိမ်းဂိုးကို ထပ်မံ သွင်းယူပေးခဲ့တာကြောင့် ပွဲအပြီးမှာ လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရကာ အက်ဖ်အေဖလားကို ၁၂ ကြိမ်မြောက် ကိုင်မြောက်နိုင်ခဲ့ပါတယ်။ ဗီလာနည်းပြတင်ရှားဝုဒ်ကလည်း လီဗာပူးကို အကြိုဗိုလ်လုပွဲမှာ အနိုင်ရခဲ့တဲ့ ကစားကွက် အခင်းအကျင်းအတိုင်း ပွဲထွက်ခဲ့ပေမယ့်တစ်ဦးချင်း အရည်အချင်းသာလွန်တဲ့ အာဆင်နယ်ကို မယှဉ်နိုင်ဘဲ အခုလို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ အာဆင်နယ်ဟာ မနှစ်ကလည်း ဟားလ်စီးတီးကို ဗိုလ်လုပွဲမှာ အနိုင်ကစားပြီး သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူ ၁၀ နှစ်ကြာ ဖလားလက်မဲ့ အနေအထားကို ကုစားခဲ့ပါတယ်။

အာဆင်နယ်တိုက်စစ်မှူး ဝဲလ်ကော့က အက်ဖ်အေဖလားနှစ်ကြိမ်ဆက်ရရှိခဲ့ပြီးတဲ့နောက် အာဆင်နယ်အနေနဲ့ လာမယ့် ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလားကို မဖြစ်မနေ ပစ်မှတ်ထားရတော့မှာဖြစ်တယ်လို့ အသင်းဖော်တွေကို တိုက်တွန်းခဲ့ပါတယ်။ "ပရီမီယာလိဂ်ဖလားဟာ နောင်နှစ်အတွက် အာဆင်နယ်ရဲ့ အဓိက ပစ်မှတ်ပါဗျာ။ အခုလို အက်ဖ်အေဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးခဲ့ပြီး အကောင်းဆုံးလူစာရင်းလည်းရှိနေတော့ ဒီထက်ကြီးမားတဲ့ အောင်မြင်မှုကို ဆက်လက်ရရှိဖို့ ကြိုးပမ်းသင့်တာပေ့ါ။ ရာသီအစမှာ အမှားအယွင်းမရှိ ကစားနိုင်ရင် ပရီမီယာလိဂ်ဖလားဆွတ်ခူးဖို့ အလားအလာကောင်းသွားမှာပါ" ဟု ပြောသည်။

အာဆင်နယ်က ဒီနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအောက် ၁၂ မှတ်လျော့အနေအထားနဲ့ အဆင့်(၃) နေရာပဲ ရပ်တည်နိုင်ခဲ့ပါတယ်။ အာဆင်နယ်အနေနဲ့ ပရီမီယာလိဂ်ဖလားကို ၂၀၀၃-၂၀၀၄ ဘောလုံးရာသီက နောက်ဆုံးရရှိခဲ့တာဖြစ်ပြီး ဆယ်စုနှစ်တစ်ခုကျော်ကြာ ပြည်တွင်းလိဂ်အမြင့်ဆုံးအနေအထားကနေ ဝေးကွာနေခဲ့တာဖြစ်ပါတယ်။

## အားကစားလောကသတင်းအတိုအထွာ

- ❖ ချယ်လ်ဆီးတွင် ခြေစွမ်းမပြနိုင်သည့် ကွာဒရာဒိုအား နာပိုလီ၊ ရိုးမားနှင့် အင်တာမီလန်တို့က ခေါ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်နေသည်။
- ❖ အာဆင်နယ်အသင်း ခေါင်းဆောင်ဟောင်း ပက်ထရစ်ဗီအဲရာသည် နယူးကာဆယ်နည်းပြသစ်ဖြစ်လာရန် ရေပန်းစားနေသည်။
- ❖ မန်ယူနောက်ခံကစားသမားဟောင်း ရီယိုဖာဒီနန်က ဘောလုံးကစားခြင်းမှ အနားယူပြီဟု အတည်ပြုပြောကြားခဲ့သည်။
- ❖ ဗီလာအသင်း အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့၍ ဆောက်သမ်တန်က ယူရိုလိဂ်ဝင်ခွင့်ရရှိခဲ့သည်။
- ❖ အာဆင်နယ်ကွင်းလယ်လူ ကာဇိုလာက အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ကိုက် ၃၀ အကွာမှ ဆန်းချက်ဇ်သို့ သွင်းယူခဲ့သောဂိုးမှာ ကမ္ဘာ့အကောင်းဆုံး သွင်းဂိုးပင်ဖြစ်သည်ဟု ချီးကျူးခဲ့သည်။
- ❖ မန်စီးတီးက ဝုဖ်ဘတ်ကွင်းလယ်လူ ဒီဘရူနီနှင့် ဂျူဗင်ကြယ်ပွင့် ပေါ့ဘာတို့အတွက် ပေါင် ၁၁၀ သန်းအထိ သုံးစွဲရန် အသင့်ရှိနေသည်။
- ❖ အင်္ဂလန်က ၂၀၁၈ ကမ္ဘာ့ဖလားအား သပိတ်မှောက်သွားရန် စီစဉ်နေသည်။
- ❖ ပြင်သစ်အိုးပင်းအမျိုးသားတစ်ဦးချင်းပွဲစဉ်များတွင် လက်ရှိချန်ပီယံ နာဒဲလ်နှင့် ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ်ချ်တို့နှစ်ဦးလုံး ပြိုင်ဘက်အသီးသီးကိုအနိုင်ယူကာ စတုတ္ထအဆင့်ပွဲစဉ်များသို့ တက်ရောက်သွားပြီဖြစ်သည်။

# ဟီဂူအင်အား ခေါ်ယူနိုင်ခဲ့ပါက ဗန်ပါစီအား ဂျူဗင်တပ်သို့ ရောင်းမည်




မန်ယူအသင်းမှ ထွက်ခွာရန်ရှိနေသည့် နယ်သာလန်တိုက်စစ်မှူး ဗန်ပါစီအား အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး မန်ယူအသင်းအနေဖြင့် ၎င်းတို့ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည့် နာပိုလီတိုက်စစ်မှူး ဟီဂူအင်အား ခေါ်ယူနိုင်ခဲ့ပါက တိုက်စစ်မှူး ဗန်ပါစီအား ဂျူဗင်တပ်အသင်းသို့ ရောင်းချမည်ဖြစ်ကြောင်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ထုတ်ဖော်ပြောကြားလိုက်သည်။

မန်ယူအသင်းသည် တိုက်စစ်ပိုင်းအတွက် ဟီဂူအင်ကို ခေါ်ယူနိုင်မှသာလျှင် ဗန်ပါစီကို ဂျူဗင်တပ်သို့ရောင်းချရန် သဘောတူညီသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး ဂျူဗင်တပ်အသင်းကမူ မန်ယူအသင်း၏ ကစားသမားဟောင်းများဖြစ်ကြသည့် ကာလို့စ်တီဗက်ဇ်နှင့် ပက်ထရစ်အီဗရာတို့အား ခေါ်ယူအားဖြည့်ထားခြင်းကြောင့် ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်ကောင်းတစ်ခုရရှိထားမှုအပေါ် သုံးသပ်ကာ အသက်(၃၁)နှစ်အရွယ်ရှိ နယ်သာလန်တိုက်စစ်မှူး ဗန်ပါစီအား ခေါ်ယူရန်စိတ်ဝင်စားနေခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗန်ပါစီသည် လက်ရှိတွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသည်။ အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင်သည် အသက်(၂၇)နှစ်အရွယ်သာရှိနေသေးခြင်းကြောင့် ဗန်ပါစီထက် လေးနှစ် ငယ်ရွယ်နေပြီး မန်ယူအသင်းအနေဖြင့် ဟီဂူအင်ကို ခေါ်ယူနိုင်ခဲ့ပါက ကာလကြာရှည်အသုံးပြုခွင့်ရမည်ဖြစ်၍ တိုက်စစ်မှူး ဟီဂူအင်အားခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။ မန်ယူအသင်းသည် ဟီဂူအင်အား ရွန်းနီနှင့် တွဲဖက်ကာ တိုက်စစ်ပိုင်းတွင် စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ထားသည်။

မန်ယူအသင်းသို့ တစ်နှစ်အငှားစာချုပ်ဖြင့် လာရောက်ကစားနေသည့် တိုက်စစ်မှူး ဖယ်ကာအိုသည်လည်း မိုနာကိုအသင်းတွင် ပြန်ကစားမည်ဖြစ်သောကြောင့် မန်ယူအသင်းသည် တိုက်စစ်ပိုင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်မည့်ကစားသမားတစ်ဦး အမှန်တကယ်လိုအပ်နေပြီဖြစ်သည်။

ဗန်ပါစီအနေဖြင့် နည်းပြဗန်ဟားလ်လက်ထက်တွင် မန်ယူအသင်း၌ တောက်ပသည့်ကြယ်တစ်ပွင့်ဖြစ်လာရန် မျှော်လင့်ထားခဲ့သော်လည်း ဒဏ်ရာပြဿနာများကြုံနေခြင်းနှင့် ပွဲထွက်ကစားခွင့်ရရှိခဲ့သည့်ပွဲစဉ်များတွင်လည်း ခြေစွမ်းမပြနိုင်ခြင်းတို့ကြောင့် အခြားကလပ်အသင်းတစ်သင်းသို့ ရောင်းချရန် မန်ယူအသင်းက စီစဉ်လာခဲ့ခြင်းဖြစ်သည်။

## ဘန်တီကီအား ခေါ်ယူရန် အာဆင်နယ်၊ လီဗာပူးနှင့် စပါးတို့ အပြိုင်ကြိုးပမ်းနေ

အာဆင်နယ်အသင်းသည် အက်စ်တွန်ဗီလာတိုက်စစ်မှူး ဘန်တီကီအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိခြင်းကြောင့် ဘန်တီကီအား စိတ်ဝင်စားလျက်ရှိသည့် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများဖြစ်ကြသည့် လီဗာပူးအသင်း၊ စပါးအသင်းတို့နှင့်အပြိုင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဘန်တီကီသည် အာဆင်နယ်အသင်းအား လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲတွင် အက်စ်တွန်ဗီလာအသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း အက်စ်တွန်ဗီလာအသင်းကမူ ဘန်တီကီအား ရောင်းထုတ်ရန် စီစဉ်လျက်ရှိနေသည်။ သို့သော် နည်းပြတင်ရှားဝုဒ်အနေဖြင့် တိုက်စစ်မှူး ဘန်တီကီအား အက်စ်တွန်ဗီလာအသင်း၌ ဆက်ရှိစေလိုကြောင်း ပြောကြားထားသည်။

နည်းပြအာစင်ဝင်းဂါးသည် အာဆင်နယ်အသင်း၏ တိုက်စစ်ပိုင်းအတွက် တိုက်စစ်မှူးကောင်းတစ်ဦးကို ထပ်မံခေါ်ယူရန်စီစဉ်နေပြီး လာမည့် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလားရယူနိုင်ရန်နှင့် ချန်ပီယံလိဂ်တွင် ရလဒ်ကောင်းတစ်ခုရရှိရန် တိုက်စစ်မှူး ဘန်တီကီအားခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

**ငွေကြယ်နှင့် ရှိုင်းယန်ဟေဒင် စုစည်းသည်**

## မက်ဆီ၏သွင်းဂိုးမှာ သမိုင်းတစ်လျှောက် အကောင်းဆုံးဂိုးဟု ဘာမူတိုချီးကျူး

ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲတွင် ဘီဘာအိုအသင်းဘက်သို့ မက်ဆီသွင်းယူခဲ့သောအဖွင့်ဂိုးမှာ ပြိုင်ပွဲသမိုင်းတစ်လျှောက်အကောင်းဆုံးသွင်းဂိုးဟု ဘာစီလိုနာဥက္ကဋ္ဌ ဘာမူတိုကချီးကျူးစကားပြောကြားခဲ့သည်။ မက်ဆီ၏ တစ်ဦးချင်းထိုးဖောက်တိုက်စစ်ဆင်မှုကြောင့်ပွဲအစမိနစ် ၂၀ မှာပင်ဘာစီလိုနာအဖွင့်ဂိုး စတင်ရရှိခဲ့သည်။ ထို့နောက် ပွဲချိန် ၃၇ မိနစ်တွင်နေမာကလည်းကောင်း၊ မိနစ် ၇၀ တွင်မက်ဆီကပင်လည်းကောင်း သွင်းဂိုးများထပ်မံသွင်းယူခဲ့ပြီးနောက်ပိုင်း ဘာစီလိုနာကပွဲကိုထိန်းပြီး ကစားခဲ့ရာ ဘီဘာအိုမှ ဝီလျံက မိနစ် ၈၀ တွင် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူခဲ့သည်။ ထို့ကြောင့် ပွဲအပြီးတွင်ဘာစီလိုနာက သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ ဒုတိယမြောက်ပြည်တွင်းဖလားတစ်လုံးကို ထပ်မံဆွတ်ခူးနိုင်ခဲ့သည်။

"ကျွန်တော်မြင်ဖူးသမျှသွင်းဂိုးတွေထဲမှာတော့မက်ဆီရဲ့အဖွင့်ဂိုးက သမိုင်းတစ်လျှောက်အကောင်းဆုံးဂိုးပါ။ ကျွန်တော်တို့အတွက် ဒီပွဲမှာဖိအားတွေရှိခဲ့ပေမယ့် "ပထမပိုင်းကစားပြီးကတည်းက ဒီပွဲဟာ ဘာကာရဲ့ပွဲပဲဖြစ်လာမယ်ဆိုတာခန့်မှန်းနိုင်ခဲ့ပါတယ်။ ဒါကဘာကာရဲ့ ဖလားသုံးလုံးထဲက ဒုတိယအကြိမ်မြောက်ဖလားပေါ့ဗျာ။ မက်ဆီကတော့သူရဲ့ပုံစံအတိုင်း အမြဲတမ်းအကောင်းဆုံးကစားနိုင်ခဲ့ပြီး သူ့ရဲ့သွင်းဂိုးက သူဘာကြောင့်ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားအဖြစ် သတ်မှတ်ခံရတာလည်းဆိုတာ ညွှန်းနေသလိုပါပဲ"ဟု ဘာစီလိုနာဥက္ကဋ္ဌ ဘာမူတိုက TV3 နှင့် အင်တာဗျူးတွင်ပြောကြားခဲ့သည်။

လာမည့်နွေတွင် ပြုလုပ်မည့်ဘာစီလိုနာဥက္ကဋ္ဌ ရွေးကောက်ပွဲတွင် ဘာမူတိုမှာပြန်လည်ရွေးချယ်ခံရရန် မျှော်လင့်နေသော်လည်း ယခင်ဥက္ကဋ္ဌဟောင်း ဂျိုဟန်လာပေါ်တာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ အပြောင်းအလဲတစ်ခုဖြစ်လာနိုင်သေးသည်။

ပြည်တွင်းရေးရာ

–ကျန်းမာရေးဆောင်းပါး–

à တင်ထက်ထက်ဇော်




# ငှက်ပျောမျိုးစုံ အာနိသင်အဖုံဖုံ

၁၂ ရာသီပတ်လုံး ဖောဖောသီသီရရှိနိုင်သော အသီးအမျိုးအစားများထဲတွင် ငှက်ပျောသီးလည်း တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ ငှက်ပျောသီးရဲ့အားသာချက်က အခြားသောသစ်သီးများနှင့်ယှဉ်ကြည့်ပါလျှင် ကရိကထမများဘဲ အလွယ်တကူအခွံနွှာ၍ စားသုံးနိုင်ပြီး၊ ရေခဲ သေတ္တာထဲမှာ အထူးတလည် သိမ်းဆည်းထားရန် မလိုအပ်ပါဘူး။ နေရာဒေသမရွေး၊ အချိန်အခါမရွေး ဗိုက်ဆာတဲ့ အချိန်တိုင်း အခွံနွှာစားရုံမျှဖြင့် ဆာလောင်မှုကို လွယ်ကူစွာ ဖြေရှင်းနိုင်ပါတယ်။

အစာကြေညက်လွယ်တာကြောင့် အရွယ်သုံးပါး မရွေးစားသုံးနိုင်ပါတယ်။ ငှက်ပျောသီးနှင့်ခတ်မတည့်သော ကလေးမှာလည်း မရှိသလောက် အလွန်ရှားပါတယ်။ ကျန်းမာရေးရှုထောင့်က ကြည့်တဲ့အခါမှာ 'ငှက်ပျောသီးတစ်နေ့တစ်လုံးစား ဒေါက်တာတွေနဲ့ ဝေးဝေးသွား. . .' 'နံနက် သဘော်၊ ည ငှက်ပျော' လို့ ဆိုထားပြန်တာကြောင့် ညအိပ်ရာဝင်ခါနီးတိုင်း စားပေးသင့်ပါတယ်။ ငှက်ပျောခွံပေါ်မှာ အမည်းအစက်အပြောက်များလေ၊ ရင့်မှည့်တဲ့ ငှက်ပျောဖြစ်တာကြောင့် အနံ့အရသာအာနိသင် ပိုကောင်းလေပါပဲ။

မြန်မာပြည်မှာ ဖီးကြမ်း၊ သီးမွှေး၊ ဆင်အံ၊ နံ့သာပု၊ ငှက်ပျောချဉ်၊ ရွှေငှက်ပျော၊ ရခိုင်၊ ဝက်မလွတ်စတဲ့ ငှက်ပျောမျိုးစုံလင်လှသလို၊ ထိုအမျိုးအစား တစ်မျိုးချင်းစီအလိုက် အာနိသင်အမျိုးမျိုးစီ ပါရှိနေပါတယ်။

● **ဖီးကြမ်း ငှက်ပျော**

ခန္ဓာကိုယ်တွင်း အပူများသူများအတွက် အထူးသင့်တော်ပါတယ်။ သုက်ခတ် အသားခတ် ပွားစေပါတယ်။ လူကိုဝဖြိုးစေပါတယ်။ ကျောင်းနေအရွယ်ကလေးများကို ဖီးကြမ်းငှက်ပျောသီးတစ်လုံးနှင့် လက်ဖက်ရည်ဇွန်းစာပမာဏရှိသော ပင်စိမ်းရွက်သတ္တုရည်တစ်ဇွန်းကို သမအောင်ရော၍ နေ့စဉ်ကျွေးခြင်းဖြင့် ဦးနှောက်ဖွံ့ဖြိုးပြီး မှတ်ဉာဏ်ထက်သန်စေပါတယ်။ အသက်ရှည်၍ ခွန်အားတိုးပွားစေရန်အတွက် ငှက်ပျောသီးကို ပျားရည်မှာ စိမ်နှစ်၍စားပေးပါ။ နာတာရှည်ချောင်းဆိုးသူများမှာ ဖီးကြမ်းငှက်ပျောကို ငရုတ်ကောင်းမှုန့်နှင့် တို့စားပါက သလိပ်ထွက်လာပြီး ချောင်းခြောက်ဆိုးခြင်းကို ပျောက်ကင်းစေပါတယ်။ မီးလောင်ဒဏ်ရာများအတွက် ဖီးကြမ်းငှက်ပျောသီးမှည့်အုံပေးပြီး၊ ငှက်ပျောဖက်ခင်း၍ အိပ်ပါ။ (ဖီးကြမ်းငှက်ပျောပင်၏ ပင်စည်ကို မုန့်ဟင်းခါးဟင်းရည်ချက်ရန် မသင့်တော်ပါ၊ အရသာခါးတတ်ပါတယ်။)

● **သီးမွှေး ငှက်ပျော**

ခန္ဓာကိုယ်ကြွက်သားတွေကို ကောင်းစွာတည်ဆောက်ပေးတဲ့အပြင် ခွန်အားဖြစ်စေပြီး လန်းဆန်းတက်ကြွမှုကို ဖြစ်စေပါတယ်။ ဝမ်းလေကို ချုပ်စေပါတယ်။ အရွယ်တင်နုပျိုစေပါတယ်။ သုက်ခတ်ပွားစေပါတယ်။ ရေဆာခြင်း၊ အော့အန်ခြင်းကို ဖြေသိမ့်ပေးပါတယ်။ ခြင်ကိုက်၍ ယားယံခြင်း၊ အဖုအပိန့်ထွက်ခြင်းနှင့် ရောင်ရမ်းခြင်းများကို သီးမွှေးငှက်ပျောသီးအခွံနှင့် ပွတ်ပေးပါက ယူပစ်သလို သက်သာပျောက်ကင်းစေပါတယ်။ ထို့ပြင် သွားဝါနေသူများလည်း ထိုငှက်ပျောခွံဖြင့် သွားများကိုပွတ်တိုက်ပေးပါ။

● **ဆင်အံ ငှက်ပျော**

အေးပြီးချိုသော အရသာရှိတဲ့အပြင် အနည်းငယ်ဖန်ပါတယ်။ လူကိုဝစေပါတယ်။ သုက်ခတ်ပွားစေပါတယ်။ သည်းခြေရောဂါများကို ကောင်းကျိုးပြုပါတယ်။ နှလုံးရောဂါရှိသူများအတွက် အထူးသင့်တော်ပါတယ်။

● **နံ့သာပု ငှက်ပျော**

ချို၍အေးပါတယ်။ နှလုံးအားကောင်းစေပါတယ်။ ရေဆာခြင်းနှင့် အော့အန်ခြင်းကို ဖြေသိမ့်ပေးပါတယ်။ သုက်ခတ်ပွားစေပါတယ်။ သို့သော် အစာကြေညက်ခဲ၍ အစာအိမ်ဝေဒနာသည်များ မစားသင့်ပါဘူး။

● **ငှက်ပျောချဉ်**

သွေးကို အေးစေတတ်ပါတယ်။ လေကိုကြွစေတာကြောင့် လေမလည်သူများ စားပေးသင့်ပါတယ်။ အမျိုးသား၊ အမျိုးသမီးရောဂါများနှင့် သင့်တော်ပါတယ်။ ငှက်ပျောချဉ်က ခန္ဓာကိုယ်ကြွက်သားများကို ကျစ်လျစ်စေပါတယ်။ ကိုယ်ခန္ဓာဝဖြိုးသူများ မကြာခဏစားပေးသင့်ပါတယ်။

● **ရွှေငှက်ပျော**

ခွန်အားဖြစ်စေပါတယ်။ နှလုံးကို ကောင်းကျိုးပြုပါတယ်။ သို့သော် လေကိုပွစေတာကြောင့် ရင်ပြည့်ရင်ကယ်ရှိသူများ မစားသင့်ပါဘူး။

● **ရခိုင်ငှက်ပျော**

ရေသီလံလို့လည်း ခေါ်ပါတယ်။ သွေးကိုကြေစေတဲ့အပြင်၊ လေကိုပါ ကြေစေပါတယ်။ ကိုလက်စထရောကို ကျစေပါတယ်။ ရခိုင်ငှက်ပျောပင်၏ အသီးသာမက၊ အမြစ်၊ ပင်စည်၊ အပွင့်၊ အရွက် အားလုံးကလည်း သွေးထဲရှိ ကိုလက်စထရောကို ကျစေတဲ့ အစွမ်းသတ္တိရှိတာကြောင့် ၎င်းတို့၏ သတ္တုရည်ကို တစ်ခါသောက်လျှင် ဟင်းစားဇွန်းတစ်ဇွန်းဖြင့် တစ်နေ့နှစ်ကြိမ် မှန်မှန်သောက်ပေးခြင်းဖြင့် သွေးထဲရှိ ကိုလက်စထရောများကိုကျစေပါတယ်။ (ရခိုင်ငှက်ပျောပင်၏ ပင်စည်ဖြင့် မုန့်ဟင်းခါးဟင်းရည်ချက်ရာတွင် အသုံးပြုလေ့ရှိပါတယ်။)

● **ဝက်မလွတ် ငှက်ပျော**

အပူငြိမ်းစေပြီး သွေးလေကို ကြေစေပါတယ်။ ခွန်အားပြည့်စေပါတယ်။ နှလုံးကို ငြိမ်စေ၍ သိုင်းရှိုက်ရောဂါသည်များ၊ လည်ပင်းကြီး ဝေဒနာသည်များ၊ စိတ်ကစဉ့်ကလျားဖြစ်သူများနှင့် သင့်တော်ပါတယ်။

**မှတ်ချက်**

(၁) မည်သည့်ငှက်ပျောပင်မဆို အူတိုင်ကို ကျောက်ဖရုံသီးဖြင့် ဖျော်ရည်လုပ်သောက်ပါက ကျောက်ကပ်၊ ဆီးအိမ်၊ အမျိုးသားများ ဆီးကျိတ်ဝေဒနာနှင့် ဆီးကျောက်တည်ခြင်းမှ ကာကွယ်ပေးပါတယ်။

(၂) ဆီးချိုရောဂါသည်များ ငှက်ပျောသီးကို လျှော့စားသင့်ပြီး၊ Grapefruit သီးဖြင့် တွဲဖက်၍ စားသင့်ပါတယ်။

(၃) အကယ်၍ အချို့ကလေးငယ်များမှာ မွေးရာပါ ငှက်ပျောသီးနဲ့ ခတ်မတဲ့ရောဂါပါလာပါက ဖြေဆေးအဖြစ် ကြက်သွန်ဖြူကျွေးပေးနိုင်ပါတယ်။

(၄) နှင်းဆီပန်းအပင်သန်စွမ်း၍ အပွင့်ကြီးကြီးပွင့်စေနိုင်ရန်အတွက် အပင်၏ အောက်ခြေအမြစ်တွင် ငှက်ပျောခွံမြှုပ်နှံကာ မြေဩဇာအဖြစ်ကောင်းစွာ အသုံးချနိုင်ပါတယ်။

တိုး ဇွန် နဲ့ GO ပြီ
သက်တန့်ရောင်ခရီးစဉ်များ
သီရိလင်္ကာ (8D/7N) August, 22~29 $-1450
ကိုရီးယား (8D/7N) June, 16~23 $-2150
ဗီယက်နမ် (5D/4N) June, 23~27 $-800
ဂျပန် (5D/4N) June, 20~24 $-1990
စင်ကာပူ (4D/3N) June, 19~22 $-770
ဗန်ကောက် (6D/5N) June, 20~25 $-650
378503, 378127, 250734, 09-5150 195, 09-514 5539, 097321 7457

## အမည်ပြောင်း

ထားဝယ်မြို့၊ ဆန်းချိုရပ်၊ နတ်စင်လမ်းနေ ဦးသူရိန်အောင်-ဒေါ်စုစုလွင်တို့၏ သမီးဖြစ်သူ အမက ဆန်းချို၊ စတုတ္ထတန်းမှ မဇီဇဝါလွင်အား မစုနှင်းထူးဟုပြောင်းလဲခေါ်ဆိုပါရန်။

မစုနှင်းထူး

## အမည်ပြောင်း

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကမြောကင်းရွာနေ ဦးဇော်မြင့်-ဒေါ်အေးအေး မြတ်တို့၏ သမီးဖြစ်သူ ကမြောကင်း အထက ဒုတိယတန်းမှ မချယ်လီဖူးအား မချိုဇင်အေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မချိုဇင်အေး

## မွေးနေ့ဆုတောင်း

ချစ်မေမေ ဒေါ်စန်းမြင့် [ငွေစာရင်းမန်နေဂျာ-ငြိမ်း၊ ကုန်သွယ်လယ်ယာ၊ ဖြူး]၏ ၁-၆-၂၀၁၅ရက်တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကို သယ်ပိုးနိုင်ပါစေ ကြောင်း ချစ်သားသမီး၊ မြေးများက ဆုမွန်ကောင်းတောင်းပေးလျက်-

ချစ်သားသမီးများ - ဦးမင်းလွင်-ဒေါ်နွယ်နီထိုက်
- ဦးတင်အေး-ဒေါ်ဖြိုးဖြိုးသွင်
- ဦးဟန်ဦး-ဒေါ်တိုးတိုးသွင်
- ဒေါ်သစ်သစ်သွင်
- ဦးရန်နောင်သွင်-ဒေါ်ခင်မျိုးခက်ခက်

ချစ်မြေးများ - မနှင်းအဥ္ဇလီ၊ သုတမင်းလွင်၊ သတိုးသီဟအောင်

အေးဇော်မိုး (စက်မှု)
ဖြိုးမိုးသိင်္ခ since-2000 (ဓာတ်ပုံ)
ဓါတ်ပုံ၊ဗီဒီယို ရိုက်ကူးရေး

၁၅ နှစ် ပြည့်
အားပေးကြသော မိတ်ဆွေ လူကြီးမင်းအပေါင်းအား အထူးကျေးဇူးတင်ရှိပါသည်။
မိတ်ဆွေများအားလုံး ကျန်းမာ၊ ချမ်းသာ စီးပွားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။
မင်္ဂလာဆောင် အလှ၊ ညည်ခံပွဲများ၊ စီးပွားရေး ကြော်ငြာ၊ ပြက္ခဒိန်၊ မော်ဒယ်၊ ဘွဲ့ အလှ၊ အခမ်းအနား မှတ်တမ်း... ဓာတ်ပုံ ၊ ဗီဒီယိုများကို ဗိတ်တိုင်းကျ ရိုက်ကူးပေးပါသည်၊
အမှတ်(၃) ၊ ပတ္တမြားလမ်း ၊ ရွှေစေတီစုရပ်ကွက် ၊ စမ်းချောင်းမြို့နယ်၊
Ph; 09-5109770 , 09-5127833 , 01-510344 , 01-532064
www.phyomoetheinkha-studio.com www.facebook.com/phyomoetheinkha
www.facebook.com/AYE ZAW MOE-setthmu

ရောင်းမည်။
သိန်း ၄၀၀

3 Wheel, Vibrator Roller
09-798159295
09- 42077929
09-793614360
အမှတ် (၃၀) ဘုရင့်နောင်လမ်းမကြီး၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကတ်သုတ်ကြေးနီ(၄၀၀)မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

ကြမ်းခင်းဈေး - တင်ဒါဖွင့်သည့်ရက်တွင်ရှိမည့် London Metal Exchange ဈေးနှုန်းပါ ကတ်သုတ်ကြေးနီတစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၅-၆-၂၀၁၅ရက် (၁၆း၀၀)နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၀၁၂၊ ၀၆၇-၄၀၉၃၈၃ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

# စိတ်တူကိုယ်တူဇနီးမောင်နှံနှစ်ဦးအသည်း အစားထိုးရန်လိုအပ်နေသူအား လှူဒါန်း

**မကွေး မေ ၃၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ပါရမီသွေးသွေးလှူရှင်အသင်းမှ အမှုဆောင် မကြည်ပြာနှင့် အဖွဲ့ဝင် ကိုအောင်ကြီးတို့ ဇနီးမောင်နှံသည် အသည်းအစားထိုးမှ အသက်ရှင်နိုင်မည်ဖြစ်သော မကွေးမြို့မှ အသည်းဝေဒနာရှင်တစ်ဦးအတွက် အသည်းအစားထိုး လှူဒါန်းရန် စိတ်တူကိုယ်တူဆုံးဖြတ်ခဲ့ပြီး ဇွန် ၁ ရက်တွင် မကွေးမြို့မှ ထွက်ခွာကာ အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်း၏ စီစဉ်ပေးမှုဖြင့် လူနာရှင်မိသားစုများနှင့်အတူ အိန္ဒိယနိုင်ငံသို့ ခွဲစိတ်လှူဒါန်းမှုများ ပြုလုပ်နိုင်ရန် သွားရောက်မည်ဖြစ်သည်။

"ဇွန် ၄ ရက်နေ့လောက်တော့ အိန္ဒိယကို ထွက်ဖြစ်မယ်ထင်တယ်။ ကွမ်းယာဆိုင်ကိုပိတ်မယ်။ သမီးက ၁၀ တန်း၊ သားက လေးတန်း သူတို့နှစ်ယောက်ကို အမေ့ဆီအပ်ခဲ့မယ်။ ၂၀၀၆ ခုနှစ်တုန်းက ကျွန်တော့်ကလေး သွေးလွန်တုပ်ကွေးနဲ့ ဆေးရုံတက်ရပြီး သွေးရှာရတာ အခက်အခဲဖြစ်ပြီးကတည်းက သွေးလိုတဲ့သူဆို သွေးလှူမယ်။ လှူလို့ရတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းရှိရင်လည်း လှူကြမယ်လို့ လင်မယားနှစ်ယောက်လုံး ဆုံးဖြတ်ထားခဲ့ကြတာပါ။ ဆုံးဖြတ်ထားတဲ့အတိုင်းပဲ သွေးလိုသူမှန်သမျှအတွက် လှူပေးခဲ့တာ ကျွန်တော်က ၁၆ ကြိမ်၊ မိန်းမက ၂၇ ကြိမ်ရှိပြီ။ ကျွန်တော့်ကွမ်းယာဆိုင်မှာ ကွမ်းလာဝယ်တဲ့ လူတစ်ယောက်နဲ့ စကားစပ်မိပြီး အသည်းအရေးပေါ်လိုနေတဲ့ လူနာတစ်ယောက် ရှိတယ်ဆိုတာ သိလိုက်ရတယ်။ လှူလို့ရရင် လှူမယ်လို့ ပြန်ပြောလိုက်ရင်းနဲ့ လူနာရှင်မိသားစုနဲ့ ဆက်သွယ်မိသွားတာ။ ရန်ကုန်မှာ ရောဂါ ၂၄ မျိုး ဆေးစစ်ရတယ်။ ဆေးအောင်လို့ ခုလှူခွင့်ရတော့မယ်" ဟု အသည်းအစားထိုးလှူဒါန်းရန် စိတ်အားထက်သန်နေသူ အသက် ၃၃ နှစ်အရွယ် အိုသွေးပိုင်ရှင် ကိုအောင်ကြီး(ခ)ကိုအောင်သူက ပြောသည်။

လူနာရှင်မိသားစုများသည် ငွေကြေး ပြည့်စုံသောသူများဖြစ်သော်လည်း အသည်းလှူဒါန်းမည့်သူမရှိ၍ ပူဆွေးသောကရောက်နေခဲ့ပြီး နေရာအမျိုးမျိုးသို့ နည်းလမ်းအမျိုးမျိုးသုံးကာ အလှူရှင်ရှာဖွေနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများမှလည်း လှူဒါန်းပါက မည်ရွေ့မည်မျှ ကျေးဇူးဆပ်ပါမည်ဟု အကူအညီ တောင်းခံခဲ့ကြောင်း၊ 'အသည်းကို သွေးလှူသလိုလှူချင်တယ်' ဆိုသည့် မည်သည့် မျှော်လင့်ချက်မျှမထားသော အလှူရှင်တစ်ဦး၏ စကားတစ်ခွန်းနှင့်အတူ အသက်ရှင်သန်ရန် မျှော်လင့်ချက်ရှိလာပြီဖြစ်ကြောင်း အဆိုပါလှူဒါန်းမှုအား ဝိုင်းဝန်းကူညီပေးနေသူက ပြောသည်။

အသည်းအလှူရှင် ကိုအောင်ကြီးမှလည်း "အိန္ဒိယမှာ နှစ်လလောက်တော့ ကြာမယ်လို့ပြောတယ်။ ခွဲစိတ်တဲ့အချိန်ကနေ ချုပ်ရိုးဖြေတဲ့အချိန်ထိ ရက် ၂၀ လောက်ပဲကြာမှာ။ ကျန်တဲ့ရက်တွေက ကျန်းမာရေးစောင့်ရှောက်ဖို့ အချိန်ယူရတဲ့သဘောပေါ့။ မကွေးနယ်ဘက်က သပြေစမ်းရွာမှာ အသည်းလှူဖူးတဲ့သူ တစ်ယောက်ရှိတယ်။ သူက ကျန်းကျန်းမာမာနဲ့ ယာထဲတောင် ဆင်းနိုင်တယ်တဲ့။ ဆရာကြီးဦးခင်မောင်ဝင်း ပြောတာကလည်း လိုနေတဲ့အသည်းက သုံးပုံတစ်ပုံ ဒါမှမဟုတ် တစ်ခြမ်း၊ နှစ်လလောက်ဆို ကျွန်တော့်အသည်းက နဂိုအတိုင်း ပြန်ပြည့်သွားမယ်ဆိုတော့ ကျွန်တော်အလွန်ကြိုက်တဲ့ ကွမ်းဖြတ်လိုက်ရတာရယ်။ ပြန်လာရင် ခြောက်လလောက် နားနေရမှာရယ်ကလွဲပြီး အခြားဒုက္ခရယ်လို့တော့ မရှိပါဘူး။ တစ်ခုပါပဲ ကျွန်တော်တစ်စုံတစ်ခုဖြစ်ခဲ့ရင် အသက်အာမခံသဘောမျိုး မိသားစုကိုစောင့်ရှောက်ဖို့ထောက်ပံ့ကြေးပေးဖို့၊ အဆင်ပြေပြေပြန်လာရင်လည်း စိတ်ချရတဲ့ အနေအထားထိ ရန်ကုန်သွားပြရတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စအဝဝကို တာဝန်ယူပေးဖို့ လူနာရှင်မိသားစုနဲ့ ကျွန်တော်တို့ သွေးလှူရှင်အသင်းနဲ့ အခြားလူကြီးတွေရှေ့မှာ ကတိကဝတ် ပြုထားကြပါတယ်။ အခြားငွေရေး ကြေးရေးတောင်းဆိုမှုတွေ ဘာမှမရှိပါဘူး။ အသည်းကို သွေးလှူသလို လှူလိုက်ချင်တာပါ" ဟု ပြောသည်။ **ဧယျာတု(မကွေး)**



**သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မေ ၃၀ ရက်က သန်လျင်မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်ဦးတင်ဝင်း၊ အမှုဆောင်အရာရှိဦးမျိုးတင့်နှင့် ဝန်ထမ်းများသည် မြို့နယ် ကျန်းမာရေးဌာနနှင့်ပူးပေါင်း၍ သန်လျင်မြို့နယ်အတွင်းရှိ အ-ထ-က (၁၊ ၂၊ ၃၊ ၄) ဗဟို(မူလွန်)နှင့် အောင်မင်္ဂလာရပ်ကွက်ရှိ ကျောင်းများသို့ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့သည်။ အလားတူ သန်လျင်မြို့နယ် ကျန်းမာရေးဌာနမှလည်း ကျောင်းများ၌ အပတ်စဉ် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

သတင်းနှင့်ဓာတ်ပုံ- သန်းဝင်း(သန်လျင်)

# အုတ်တစ်ချပ် သဲတစ်ပွင့် ဓာတ်ပုံပြပွဲကြီးပြုလုပ်

**ထားဝယ် မေ ၃၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မီးဘေးသင့်ပြည်သူများသို့ အလှူငွေများ လှူဒါန်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံတကာဓာတ်ပုံဆုကြီးများရရှိထားသည့် ဦးပြည်စိုးထွန်း(ပန်းချီ)နှင့် ထားဝယ်သား ဓာတ်ပုံပညာရှင်များ ရိုက်ကူးခြယ်မှုန်းထားသော အုတ်တစ်ချပ်သဲတစ်ပွင့် ဓာတ်ပုံပြပွဲကြီးကိုမေ ၂၉ ရက် နံနက် ၈ နာရီ၌ ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အုတ်တစ်ချပ်သဲတစ်ပွင့် ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးတို့က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဓာတ်ပုံပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ ဝါသနာရှင်ပြည်သူများက အုတ်တစ်ချပ်သဲတစ်ပွင့် ဓာတ်ပုံပြပွဲခင်းကျင်းပြသထားမှုအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ပြပွဲဖြစ်မြောက်ရေးအတွက် အလှူရှင် ၂၁ ဦးမှ မတည်ရင်းနှီးငွေကျပ် ၁၅၈၅၀၀၀၊ ဦးပြည်စိုးထွန်း(ပန်းချီ)နှင့် ထားဝယ်သားဓာတ်ပုံပညာရှင် ၁၈ ဦးတို့က ယင်းတို့၏အနုပညာလက်ရာ ဓာတ်ပုံ ၆၄ ပုံမှ ရောင်းရငွေ ၁၀၀ရာခိုင်နှုန်းအပြည့်ကိုသာမက ပြပွဲဖြစ်မြောက်ရန် စိုက်ထုတ်မတည်ထားသည့် ငွေများအားလုံးကိုပါ မီးဘေးသင့် ပြည်သူများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အုတ်တစ်ချပ် သဲတစ်ပွင့် ဓာတ်ပုံအရောင်းပြပွဲကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ရောင်းချပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(တနင်္သာရီတိုင်းဒေသကြီးပြန်/ဆက်)**




ဦးဇော်မြင့် B.A (Korean) Y.U.F.L
ကိုယ်တိုင်ဦးစီးသင်ကြားသော
"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း
E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်ကို
(၁၁-၆-၂၀၁၅)တွင် ဖွင့်လှစ်ပါမည်။
လစဉ်တန်းခွဲသစ်များရှိပါသည်။
အမှတ်(၆၈)၊ အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊ ၀၉-၄၃၀၉၇၅၁၇

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

မန္တလေးမြို့၊ ၁၁လမ်း၊ ၈၆×၈၇လမ်းကြားနေ ဦးချစ်အောင်-ဒေါ်တင်တင်ခိုင်တို့၏ သမီး မရွှေရည်ဖြိုးအောင်[၁၃/နခတ(နိုင်)၀၅၄၂၂၁]နှင့် မန္တလေးမြို့ လမ်း ၂၀၊ ၈၁လမ်းထောင့်နေ ဦးကျော်ဝင်း-ဒေါ်အေးအေးသန်းတို့၏သားကြီး မောင်ကျော်သူ[၉/အမဇ(နိုင်) ၀၀၅၀၇၇] တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၇-၅-၂၀၁၅ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ တရားဝင်ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် နောက်နောင် မောင်ကျော်သူနှင့် ကျွန်မ မရွှေရည်ဖြိုးအောင်တို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)

မရွှေရည်ဖြိုးအောင်

# ပညာရေးဆွေးနွေးပွဲနှင့် ပညာသင်ဆုများ ခေါ်ယူပွဲ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် ကျင်းပမည်

**ရန်ကုန် မေ ၃၁**

ပညာရေးဆွေးနွေးပွဲနှင့် နိုင်ငံတကာပညာသင်ဆုများ တိုက်ရိုက်လျှောက်လွှာခေါ်ယူခြင်းကို လာမည့် ဇွန်လ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ဇွန် ၅ ရက်၌ ဆူးလေ ရှန်ဂရီလာဟိုတယ်တွင် ကျင်းပမည်ဖြစ်ပြီး မန္တလေးမြို့တွင် ဟိုတယ်မန္တလေး၌ ဇွန် ၆ ရက်တွင်လည်းကောင်း၊ တောင်ကြီးမြို့တွင် Royal Star ဟိုတယ်၌ ဇွန် ၇ ရက်တွင်လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်ပြီး ပညာရေးဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် ပညာသင်ဆုလျှောက်လွှာ တိုက်ရိုက်ခေါ်ယူခြင်းတို့ကို နိုင်ငံတကာကျောင်းများက လာရောက်ပြုလုပ်မည်ဟု အဆိုပါအစီအစဉ်ကို ဦးဆောင်တာဝန်ယူကျင်းပပေးသည့် Myanmar Search International (MSI) မှ သိရသည်။

"အလုပ်အကိုင် အခွင့်အလမ်းများနဲ့ ပညာရေးအကြောင်း၊ ကျောင်းလျှောက်တဲ့အခါ သိသင့်သိထိုက်တဲ့ ဗဟုသုတတွေနဲ့ ပြင်ဆင်ဖို့လိုတဲ့ အချက်တွေအပါအဝင် ဆွေးနွေးပွဲ ပြုလုပ်မှာဖြစ်ပြီး အခမဲ့ လာရောက်လေ့လာနိုင်ပါတယ်။ အဓိကကတော့ ဝါသနာပါတာနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေအပေါ် လေ့လာရွေးချယ်နိုင်မှာပါ" ဟု MSI မှ မန်နေဂျင်းဒါရိုက်တာက ပြောသည်။

ပညာရေးဆွေးနွေးပွဲနှင့် ပညာသင်ဆု ပေးအပ်ရာတွင် အနည်းဆုံး ၃၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ပေးအပ်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြု ကျောင်းများဖြစ်သည့် KDU college၊ Westminster International College၊ Kaplan Academy in Singapore၊ Taylor's University၊ Webster University Thailand Campus(USA) တို့မှ ဘွဲ့ဒီဂရီတန်းများနှင့် မဟာဘွဲ့တန်းများ၏ ဘာသာရပ်များအားလုံးအတွက် ပညာသင်ဆုများကို တက္ကသိုလ်ကျောင်းများမှ တိုက်ရိုက်လာရောက်ပေးအပ်မည်ဟု သိရသည်။

ပညာသင်ဆု လျှောက်ထားမည့်သူများအနေဖြင့် လိုအပ်သည့် စာရွက်စာတမ်းများ ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်သည်။ ပညာသင်ဆုများ ရရှိနိုင်မည့် ဘာသာရပ်များဖြစ်သည့် Law၊ACCA၊ Business အစရှိသော စီးပွားရေးဆိုင်ရာ ဘာသာရပ်များ၊ Hospitality၊ IR ၊ Engineering၊ Build and Design၊ Medicine၊ Bioscience၊ CAL၊ CPU၊ Media၊ Animation၊ Psychology၊ American degree transfer program ဘာသာရပ်များအကြောင်း တိုက်ရိုက်ရှင်းလင်းဟောပြောဆွေးနွေးသွားမည်ဟု သိရသည်။

**ကြေးမုံ**

# သောက်သုံးရေခက်ခဲမှုရှိသောကျေးရွာများအား သောက်သုံးရေဖြန့်ဝေ

**ကျောက်ပန်းတောင်း မေ ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် လွန်ခဲ့သောရက်များက မိုးဦးမိုးစတင်ရွာသွန်းခဲ့သော်လည်း မိုးမျှော်တောင်သူများစိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်ရောက်နိုင်ရုံသာရွာသွန်းခဲ့ပြီး မိုးရေလှောင်ကန်များတွင် ရေတင်အောင်ရွာသွန်းခဲ့ခြင်းမရှိကြောင်း သိရသည်။

သို့ဖြစ်ရာ မြို့နယ်အတွင်း နွေရာသီကာလ သောက်သုံးရေအတွက်အခက်အခဲရှိသော ကျေးရွာများကို ဦးစိုးဝင်း(ဦးစီးအရာရှိ-နည်းပညာ)နှင့် ဝန်ထမ်းများသည် မီးသတ်ရေသယ်ယာဉ်များ ဖြင့် အဆိုပါရေခက်ခဲမှုရှိသော ကျေးရွာများသို့ ရေဖြန့်ဝေပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဦးစိုးဝင်း(ဦးစီးအရာရှိ-နည်းပညာ)နှင့် ဝန်ထမ်းများသည် မေ ၆ ရက်မှစတင်၍ သောက်သုံးရေခက်ခဲမှုရှိနေသည့် ဒီးဒုတ်ကုန်းကျေးရွာ၊ ပေါက်သစ်ကျေးရွာ၊ ရွာလုကျေးရွာများရှိ အိမ်ခြေပေါင်း ၇၁၀ အတွက် ရေသယ်ယာဉ်ဖြင့် လေးခေါက်ပို့ဆောင်ဖြန့်ဝေပေးခဲ့ပြီး၊ မေလ ၂၇ရက်နှင့် မေလ ၂၈ ရက်တို့ တွင်အိမ်ခြေ ၉၈ အိမ်ရှိ စမ်းစုကျေးရွာ၊ အိမ်ခြေ ၂၁၅ အိမ်ရှိ ဒီးဒုတ်ကုန်းကျေးရွာသို့ တတိယအကြိမ်သွားရောက်ဖြန့်ဝေခဲ့ကြသည်။



အဆိုပါကျေးရွာများတွင် အဝီစိစက်ရေတွင်းများ တူးဖော်ပေးပြီးဖြစ်သော်လည်း စမ်းစုကျေးရွာစက်ရေတွင်းမှာ ရေငန်ခြင်း၊ ခွဲခြင်းတို့ကြောင့် သောက်သုံး၍မရကြောင်းသိရသည်။ ဒီးဒုတ်ကုန်းကျေးရွာ၌ တွင်းတိမ်လေးတွင်းနှင့် တွင်းနက်တစ်တွင်းရှိကြောင်းသိရပြီး၊ ရေအရသာခါးသက်၍ နွေရာသီကာလတွင် သောက်သုံးရေအခက်အခဲဖြစ်ခြင်းဖြစ်သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# လိတ္တူကျေးရွာအခြေခံပညာအလယ်တန်းကျောင်း (ခွဲ)တွင်ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီး

**ကန့်ဘလူ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် လိတ္တူကျေးရွာအခြေခံပညာအလယ်တန်း ကျောင်း (ခွဲ)တွင်နှစ်ထပ်အာရ်စီကျောင်းဆောင်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလက စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အမီ ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်ထပ်အာရ်စီကျောင်းဆောင်သစ်ကို၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ပညာရေးရန်ပုံငွေဖြင့် ပြည့်ဝခိုင်မာကုမ္ပဏီက တင်ဒါယူ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းကျောင်းဆောင်သစ်သည် ကန့်ဘလူမြို့နယ်တွင်ပထမဦးဆုံး ဆောက်လုပ်သည့် နှစ်ထပ်အာရ်စီကျောင်းဆောင်ဖြစ်သည်။

ယင်းကျောင်းသို့ လိတ္တူကျေးရွာအပြင် အနီးဝန်းကျင်ရှိ ကိုင်းတော၊ အင်ကြင်းစု၊ အင်ကြင်းမြိုင်ကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများမှလည်း လာရောက် ပညာသင်ကြားလျက်ရှိပြီး လိတ္တူကျေးရွာ အ-လ-က(ခွဲ)တွင် ယခင်နှစ်က သူငယ်တန်းမှ အဋ္ဌမတန်းထိ ကျောင်းသား၊ ကျောင်းသူပေါင်း ၃၉၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဆန်စက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဆန်စက်လုပ်ငန်းရှင်များအသင်းဖွဲ့စည်း

**ကျွန်းလှ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ဆန်စက်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခြင်းကို မေ ၂၉ ရက် ညနေ ၄ နာရီခွဲက မြို့နယ်စုပေါင်းရုံးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းဟိန်းက အမှာစကားပြောကြားပြီး မြို့နယ်ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတာဝန်ခံ ဦးအောင်ကျော်မိုးက ဆန်စက်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းကာ အသင်းအား ဖွဲ့စည်းခဲ့သည်။

ယခုလို ဆန်စက်လုပ်ငန်းရှင်များ အသင်းဖွဲ့စည်းခြင်းဖြင့် ကုန်ပစ္စည်းများအရည်အသွေး ထိန်းသိမ်းရန်၊ တောင်သူများနှင့် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆောင်ရွက်ရန်၊ အထွက်ကောင်း ဆန်စပါးမျိုးကောင်းများ ဝိုင်းဝန်းရှာကြံချိတ်ဆက်ရန် SME လုပ်ငန်းဖွံ့ဖြိုးရေးအတွက် ချေးငွေရရှိရေး စသည်တို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်တာဝန်ရှိသူက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**






# အန္တရာယ်ဖြစ်စေသော စားသောက်ကုန် ရောင်းချမှုများတွေ့ရှိပါက တိုင်ကြားနိုင်

**မကွေး မေ ၃၁**

မကွေးတိုင်းဒေသကြီးအတွင်း စားသုံးသူများအပေါ် သက်ရောက်မည့် အန္တရာယ်များအား တာဝန်တစ်ရပ်အနေဖြင့် တားဆီးဆောင်ရွက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဗဟိုစားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းကော်မတီနှင့် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့(မကွေး)တို့က လုပ်ငန်းညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီး စားသုံးသူများကို အန္တရာယ်ဖြစ်စေသော စားသောက်ကုန်ထုတ်လုပ်ရောင်းချမှုများတွေ့ရှိပါ ဖုန်း ၀၆၃-၂၃၁၉၆ သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ဗဟိုစားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးမြင့်ဇော်ဦးက "ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်ကစပြီး တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးကော်မတီကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။ အဲဒီအဖွဲ့ရဲ့အောက်မှာ ထုတ်ကုန်များလုံခြုံစိတ်ချရေးကော်မတီနဲ့ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့ ပါဝင်ပါတယ်။ ဒီကော်မတီတွေကနေ စားသုံးသူအခွင့်အရေးနဲ့ တာဝန်ကို သိရှိလာအောင် လုပ်ပေးရတယ်။ စားသုံးသူက ပစ္စည်းတစ်ခုကိုဝယ်ယူလို့ တန်ရာ တန်ကြေးမရလို့ ပဲဖြစ်ဖြစ်၊ ထိခိုက်နစ်နာမှုတွေကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်တို့ဆီကို တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားမှုကို အဖွဲ့က စိစစ်ပြီး အငြင်းပွားမှုအတွက် စေ့စပ်ညှိနှိုင်းပေးတဲ့အဆင့်မှာ မရခဲ့ရင် ဥပဒေပါအတိုင်း စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က အရေးယူမှုရှိပါတယ်။ စားသုံးဆီနဲ့ပတ်သက်လာရင် ၂၀၁၁ ခုနှစ်ကစပြီး တန် ၃၀၀၀ အထက် တင်သွင်းသူကို တင်သွင်းခွင့်ပြုတယ်၊ စားသုံးရန်မသင့်တဲ့ဆီတွေကို လောဘကြီးတဲ့ လုပ်ငန်းရှင်တွေက မှောင်ခိုတင်သွင်းတာတွေရှိတယ်။ မြောင်းဆီတွေ၊ ကြော်ပြီးချက်ပြီး ပြန်ပြီးအသုံးပြုမရတဲ့ ဆီပျက်တွေကို တင်သွင်းတာ လည်းရှိတယ်။ အသုံးပြု မရတဲ့ဆီတွေကို Chemical ပါတဲ့ ပဲဆီအနံ့၊ နှမ်းဆီအနံ့တွေထည့်ပြီး ဖြန့်ဖြူးတာတွေရှိတယ်။ အဲဒီလိုဖြန့်ဖြူးမှုတွေ မရှိရအောင် Mobile Team တွေဖွဲ့ပြီး စစ်ဆေးနေပါတယ်။

"စားသုံးရန်သင့်တဲ့ အစားအသောက်တွေကို FDA စစ်ဆေးပြီး တင်သွင်းခွင့်ပြုနေပါတယ်။ စစ်ဆေးမခံဘဲ မှောင်ခိုတင်သွင်း တာတွေလည်းရှိပါတယ်။ စားသုံးရန် သင့်၊ မသင့်ဆိုတာကလည်း တရားဝင်သွင်းတာ ဟုတ်၊ မဟုတ်ဆိုတဲ့အပေါ်မှာလည်း မူတည်ပါတယ်။ အရည်အသွေးမပြည့်မှန်း ဈေးနှုန်းကိုကြည့်ပြီးသိနိုင်ပေမယ့် ဈေးကွက်ရဲ့ အနေအထားက လက်လှမ်းမီတာကြောင့် စားသုံးသူက စားသုံးနေတယ်။ စားသုံးသူက မစားသုံးဘူးဆိုရင် အဲဒီပစ္စည်းတွေ ရောင်းလို့မရတဲ့အတွက် ရောင်းမှာမဟုတ်တော့ဘူး။ အဲဒီလို စားသုံးကုန်ပစ္စည်းတွေ ရောင်းချခဲ့ရင်၊ ရောင်းချတာကိုတွေ့ရင် ကျွန်တော်တို့ဆီကို စားသုံးသူပြည်သူတွေက တိုင်ကြားပေးကြပါ" ဟု ပြောသည်။

၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ထုတ်ပြန်သော စားသုံးသူအခွင့်အရေးကာကွယ်စောင့်ရှောက်မှု ဥပဒေတွင် စားသုံးရန်မသင့်သော အစားအသောက်များအား တင်သွင်းဖြန့်ဖြူးရောင်းချပါက စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးကော်မတီအနေဖြင့် သတိပေးခြင်း၊ ပြင်းထန်စွာသတိပေးခြင်း၊ လျော်ကြေးပေးစေခြင်း၊ အငြင်းပွားမှုဖြစ်ပေါ်နေသောကုန်စည်အား ကာလအကန့်အသတ်ဖြင့် ရောင်းချခွင့်တားမြစ်ခြင်း၊ ကုန်စည်ကိုဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ကုန်စည်အား ဖျက်ဆီးစေခြင်း၊ လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်း ပိတ်သိမ်းရန်လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အပြင် လျော်ကြေးပေးရန် ပျက်ကွက်သူကို ဝင်ငွေခွန်မကျေ၊ ကျန်သည့်သကဲ့သို့ အရကောက်ခံခွင့်ရှိခြင်းတို့အပြင် စားသုံးရန်မသင့်သော ကုန်စည်ကို တင်သွင်းဖြန့်ဖြူးသူအား စားသုံးသူမကျေနပ်ပါက တရားမကြောင်းအရ ထပ်မံတရားစွဲဆိုနိုင်ကြောင်း အဆိုပါဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း သိရသည်။

**ဧယျာတု(မကွေး)**



# အင်းတော်ကြီးအင်း ငါးသယံဇာတပေါ်ကြွယ်ဝရေး ရေလုပ်သားနှင့် ဒေသခံများပူးပေါင်းရန်လိုအပ်

**မိုးညှင်း မေ ၃၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသရှိ ဒေသခံများက အင်းတော်ကြီးအင်း ငါးသယံဇာတပေါ်ကြွယ်ဝရေးအတွက် ရေလုပ်သားကြီးများနှင့် ဒေသခံများပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဒေသခံအင်းချစ်သူများက အကြံပြုပြောသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် စနစ်တကျဆောင်ရွက်လျက်ရှိရာ ယခုအခါ အင်းတော်ကြီးအင်း ငါးသယံဇာတ ပေါ်ကြွယ်ဝရေးအတွက် အထူးသဖြင့် အင်းရေလုပ်သားကြီးများက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ အင်းတော်ကြီးဒေသတစ်ခုလုံးက ဒီအင်းကြီးကို အမှီပြုပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်နေကြပါတယ်။ ဒီဒေသတစ်ခုလုံးက အင်းငါးကို အဓိကထားကြတာပါ။ အင်းကိုအမှီပြုပြီးလုပ်ကိုင်နေကြတဲ့ရေလုပ်သားတွေ၊ ဒေသခံတွေရဲ့ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက်ရေရှည်မှာ ငါးသယံဇာတပေါ်ကြွယ်ဝရေးကို အလေးထားရမှာပါ။ ဒီအတွက် ငါးဖမ်းတဲ့ ကိုရွှေတံငါ ရေလုပ်သားကြီးတွေက ငါးဖမ်းတဲ့နေရာမှာ အနည်းဆုံးနှစ်လက်မပိုက်ကွန်တွေနဲ့ဖမ်းကြဖို့၊ အဲ့ဒီအောက်ကိုင်ယ်တဲ့ ပိုက်တွေနဲ့ မဖမ်းဖို့ လိုအပ်ပါတယ်။ ဒါဟာ ထိန်းသိမ်းမှုတစ်ရပ်ပါ။ နောက်ပြီး ရှော့ခ်တိုက် ငါးဖမ်းခြင်း၊ ငါးအဆိပ်ချ၊ ချောင်းပိတ်၊ မြောင်းပိတ်တွေမလုပ်ဖို့ အင်းအတွင်း သတ်မှတ်ထားတဲ့ ငါးမဖမ်းရဇုန်တွေမှာ မဖမ်းဖို့ စည်းကမ်းလိုက်နာရမှာဖြစ်တယ်" ဟု သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဝဉစ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုဖြိုးကိုကိုကျော် ကိုင်ဆောင်သော PP No. MA368378 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၉၃၉၈၀၀

တစ်ဆ 140 K 120 Sq-Ft
01.534585
254044529

ASIA KING
+မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မင်းကွန်း
+မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ
+ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
ကားမျိုးစုံငှားရမ်းလိုပါက ဝန်ဆောင်မှုပေးပါသည်။
09-43114301,09-420221257

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

တရုတ်
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Great Wall စကားပြော ၊ စကားပြန်
ENGLISH Conversation Practice
ပြောလို့ပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
TAMWE - 540714, 09 5183636
09 49 285182



# အခန်းပိုင်ဘဝသို့ချက်ခြင်းပြောင်းလဲပေးမည်

# iGREEN

## လစဉ်(၄)သိန်းခန့်အတိုးပေးရန်မလို

# ၁၀နှစ်

## ငွေချေစနစ်

သိန်း(၆၀၀)
တန် အခန်း

## မြေပိုင်မြေ(၁.၅)ဧက ပေါ်တွင်ဆောက်လုပ်မည်

iHOME
APARTMENT

ဘုံပိုင်မြေစနစ်၊ Swimming Pool & GYM, (၁)ခန်းလျှင် ကားပါကင်(၁)နေရာရမည်

မြေရှင် - **iGREEN** DEVELOPER - **iGREEN** CONSTRUCTION - **iGREEN**

**iGREEN Head Office -** 30၊ ဘုရင့်နောင်လမ်း၊ လှိုင်၊ ချောင်းဝဘုန်းကြီးကျောင်းအနီး။
**iGREEN Show Room -** 82/A၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်း၊ Junction (8) ရှေ့။

ဇွန်( **6** )၊( **7** ) Junction Square တွင်ရောင်းမည့်


# သိန်း( ၂၀ )ယူပြီး တန်းစီမှ
# အခန်းရဖို့သေချာမယ်နော်

iHOME APARTMENT





## ၁၀၀ ခန်းတွက် ဝယ်ခွင့် iGREEN မှတာဝန်ယူမည်

အိမ်ထောင်(၁)စုလျှင်(၁)ခန်းသာရမည် မှတ်ပုံတင် သန်းခေါင်စာရင်းမိတ္တူပြရမည်




# လစဉ် ၄ သိန်းခန့်

ပေးရုံဖြင့်အခန်း ပိုင်နိုင်မည့် အခွင့်အရေး




**Site** လေ့လာသူများအတွက် ဇွန်လ( **1** )ရက်နေ့မှ( **5** )ရက်နေ့ထိ

**Location Map** မှ မြားတလျှောက်တွင် **iGREEN** မှဝန်ထမ်းများကြိုဆိုပြီးလိုက်လံပြသပေးပါမည်

ကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## (ဘွိုင်လာစစ်ဆေးရေး)

### ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန(ဘွိုင်လာစစ်ဆေးရေး) မှ ဘွိုင်လာကိုင်တွယ်သူများသင်တန်းကို ၂၂-၆-၂၀၁၅ရက်မှ ၃၀-၇-၂၀၁၅ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော ပြင်ပမှ တက်ရောက်လိုသူမည်သူမဆို ၁၉-၆-၂၀၁၅ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းကြော်ငြာအပ်ပါသည်။

ဘွိုင်လာစစ်ဆေးရေးသင်တန်းဌာန- အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၁၉၈၇၊ ၀၉-၅၃၄၀၂၉၁၊
၀၉-၅၅၀၇၀၀၉

## ဝန်ထမ်းအလိုရှိသည်။

**1. IT** ကျား (၃)ဦး
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ IT နှင့်ပတ်သက်သော Certificate ရှိရမည်။ Computer Software & Hardware, Network Installation တို့နှင့် ပတ်သက်ပြီး ကျွမ်းကျင်စွာ ဆောင်ရွက် နိုင်စွမ်းရှိရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**2. Graphic Designer** ကျား/မ (၃)ဦး
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Adobe Photoshop, Illustratar ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။ Email & Internet ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

**3. DTP** ကျား/မ (၃)ဦး
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ English, Myanmar Typing ကိုကျွမ်းကျင်စွာရိုက်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

**4. Account** မ (၃)ဦး
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ LCCI - I & II, III အောင်မြင်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ် ရှိရမည်။

**5. Marketing** ကျား/မ (၅)ဦး
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။

**6. Driver** ကျား (၅)ဦး

**7. လုံခြုံရေး** ကျား/မ (၅)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁) နှစ်ရှိရမည်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေ့/ည တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

**8. အရောင်းဝန်ထမ်း** ကျား/မ (၁၀)ဦး
(၁၀)တန်းအောင်မြင်ရမည်။ ဖျတ်လတ်တက်ကြွ၍ အရောင်းကို စိတ်ပါဝင်စားသူ ဖြစ်ရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။

**အမှတ် (၅၂/၅၄)၊ အခန်း (၁၆)၊ (၄)လွှာ၊ မိုလ်အောင်ကျော်လမ်း၊ မိုလ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီးတွင် ကုသမှုခံယူနေသော လူနာများအတွက် ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ - ၁၅-၆-၂၀၁၅
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၇-၂၀၁၅ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး
မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း-၀၉-၆၅၀၂၅၈၃

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ လုပ်သားများ အပန်းဖြေရိပ်သာအုပ်ချုပ်မှုကော်မတီ၊ ဆိပ်ကမ်းလုပ်သားများ ကြို/ပို့ လုပ်ငန်းတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ် MITSUBISHI CANTER TRUCK (၄)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာနောက်ဆုံးတင်သွင်းရန်နေ့ရက် - ၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့)
အချိန် - ၁၃:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ အမှတ်(၅၅၇/၅၅၉)၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်တွင် ၁-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၈၆၁၀၂၂၅၊ ၀၁-၈၆၁၀၂၁၉တို့ကို စုံစမ်းနိုင်ပါသည်။

လုပ်သားများအပန်းဖြေရိပ်သာအုပ်ချုပ်မှုကော်မတီ
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)
## တံတားအထူးအဖွဲ့(၂)
## တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ချင်းတွင်းတံတား(ကလေးဝ)တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| ၁။ | မြစ်သဲ | ၁၀။ | ဝါးထရံ |
| ၂။ | မြစ်ကျောက်စရစ် | ၁၁။ | အမိုးဝါးကပ် |
| ၃။ | သစ်ခွဲသား (ထု) | ၁၂။ | C.M.C |
| ၄။ | သစ်ခွဲသား (ပျဉ်) | ၁၃။ | Chipping (စက္ကန့်ကျောက်) |
| ၅။ | Binding Wire | ၁၄။ | Thinsheet (8'x4') |
| ၆။ | ရိုက်သံ | ၁၅။ | Bentonite |
| ၇။ | Welding rod | ၁၆။ | Chemical |
| ၈။ | Oxygen | ၁၇။ | 2"x2"x1/4" Angle Iron |
| ၉။ | 10mm M.S Plate | ၁၈။ | 2mm M.S Plate |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် -၃၀-၅-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၉-၆-၂၀၁၅ရက် မွန်းလွဲ ၁၆:၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် ၁၀-၆-၂၀၁၅ရက် နံနက် ၉:၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - ချင်းတွင်းတံတား(ကလေးဝ) ကလေးဝ ဘက်ကမ်း လုပ်ငန်းခွင်ရှင်းလင်းဆောင်

တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မုံရွာမြို့နှင့် ချင်းတွင်းတံတား(ကလေးဝ)ကိုင်းဘက်ကမ်းလုပ်ငန်းခွင်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တံတားအထူးအဖွဲ့(၂)
ဖုန်း-၀၇၁၃၀၄၆၂၊ ၀၉-၄၃၀၅၆၁၆၅၊ ၀၉-၈၅၂၂၃၂၅

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING CORAL V.31A သင်္ဘောသည် ၂-၆-၂၀၁၅ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ် ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်း အသိပေးကြော်ငြာချက်

"အမှတ်(၅၁၁)၊ အခန်း(၈၀၅)၊ ရဲတံခွန်တာဝါ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၅၀၈၂၅၅" တွင် ဖွင့်လှစ်ထားရှိသော မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်(ယာယီရုံး)ရုံးခန်းကို ယခုအခါ "အမှတ်(၆၆)၊ ရုံးအမှတ်(၉)၊ မြန်မာ့ကျောက်မျက်ရတနာအရောင်းပြခန်းဝင်းအတွင်း၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ Fax-Ph: ၀၁-၆၅၈၁၀၅၊ ၀၉ ၂၅၈၄၉၇၂၇၉၊ ၀၉ ၂၅၈၄၉၇၂၈၀" သို့ (၁၀-၁၁-၂၀၁၄)တနင်္လာနေ့မှစတင်၍ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်



## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ မသီရိဆင့် (၁) ဦးလင်းဇော်ထွန်းသည် ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် အထက်တန်းပညာသင်ဆု(Scholarship)၊ တိုင်းဒေသကြီးအဆင့် သင်္ချာ အိုလံပစ်ပြိုင်ပွဲ ပထမဆု၊ Singapore and Asian Schools Maths Olympiad(SASMO)2015 ကြေးတံဆိပ်ဆု ရရှိခဲ့ပြီး ထိုင်းနိုင်ငံတွင် ကျင်းပမည့် Asian International Mathematical Olympiad(AIMO)2015 ပြိုင်ပွဲတွင် ဝင်ရောက်ဖြေဆိုခွင့် ရရှိသည့်အတွက် ကျောင်း၏ဂုဏ်ကို မြှင့်တင်ပေးခဲ့သော သမီး မသီရိဆင့်အား ကျောင်းအုပ်ဆရာမကြီးများ နှင့် ဆရာ၊ ဆရာမများအားလုံးမှ အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ အောင်မြင်မှု များစွာကို ရယူပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးနှင့် ဆရာ၊ ဆရာမများ
အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်


**Today's Special**
Mobile Training & Service Centre

လက်တွေ့လုပ်ငန်းခွင်သုံး Mobile Phone ပြုပြင်ခြင်းဆိုင်ရာ သင်တန်းကျောင်း

Mobile Phone Hardware ပြုပြင်ခြင်းသင်တန်း
Mobile Phone Software ပြုပြင်ခြင်းသင်တန်း

**သင်တန်း၏ ဝန်ဆောင်မှုများ**

(၁)။ နေရာအဆောင်တိုက်ခန်း စီစဉ်ပေးသည်။
(၂)။ တစ်ဦးလျှင် Laptop တစ်လုံးစီ၊ စက်ပြင်ပစ္စည်းတစ်စုံစီဖြင့် သင်ကြားပေးသည်။
(၃)။ Air Con , Internet Lineများပါဝင်သော အဆင့်မီသင်တန်းခန်းမတွင် သင်ကြားပေးခြင်း၊
(၄)။ သင်တန်းသား/သူများအတွက် မိမိကိုယ်ပိုင်လေ့ကျင့်ရန် လိုအပ်သော စက်ပြင်သုံးပစ္စည်းများကို (၆)လအရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ရောင်းချပေးခြင်း
(၅)။ ထူးချွန်သောကျောင်းသား/သူများအတွက် ကိုယ်ပိုင် Service ဆိုင်၊ Mobile Phone ဆိုင်၊ ဖွင့်လှစ်နိုင်ရန် ချေးငွေ ထုတ်ပေးခြင်း
(၆)။ ကိုယ်ပိုင်လုပ်ငန်းလုပ်ရန် ရည်ရွယ်သောသူများအတွက် (a) အရင်းအနှီးနည်းဖြင့် အောင်မြင်သော Phone ဆိုင်ဖွင့်လှစ်ခြင်း နည်းလမ်းများ (b) Mobile Phone ဆိုင်သုံး စာရင်းအင်းစနစ်နည်းလမ်းများကို အတွေ့အကြုံရှိသော ပညာရှင်များကိုယ်တိုင် သင်ကြားပေးသည်။

**သင်တန်းတက်ရောက်ခြင်း၏ အကျိုးကျေးဇူးများ**

(၁) လက်တွေ့လုပ်ငန်းခွင် သင်တန်းဖြစ်သောကြောင့် တကယ့်လုပ်ငန်းခွင် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်သည်။
(၂) မိမိသင်ယူထားသော ပညာများ ပေပျောက်ခြင်းမဖြစ်စေရန် လုပ်ငန်းခွင်သုံး ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူခွင့်ရရှိခြင်း။
(၃) သင့်သည့် ထူးချွန်သော ကျောင်းသား/သူဖြစ်ပါက ကိုယ်ပိုင်လုပ်ငန်းတစ်ခု တည်ထောင်နိုင်မည့် အခွင့်အရေးရရှိခြင်း။
(၄) သင်တန်းသား/သူများအတွက် နည်းပညာသစ်များကို အစဉ်အဆက် မပြတ်ပံ့ပိုးမှုရရှိခြင်း
(၅) ဤသင်တန်းတက်ရောက်ခြင်းဖြင့် နည်းပညာတစ်ခုမြောက်ရုံသာမက မိမိအတက်ကို မိမိကိုယ်တိုင်ရပ်တည်နိုင်ခြင်း

| Soft ware | 9:00AM to 11:00AM<br>1:00PM to 3:00 PM<br>3:30PM to 5:30 PM<br>6:00PM to 8:00 PM | Hard ware | 9:00 AM to 12:00PM<br>12:30PM to 3:30 PM<br>5:30 PM to 8:30 PM |
|---|---|---|---|

Special Promotion
Discount + Present

16-6-2015 သင်တန်းဖွင့်မည်

သတိ ရှိုးရုံသာ သင်တန်းတက်ရုံသာ မဟုတ်ပါ

မိမိ၏ဘဝ ရည်မှန်းချက်ပန်းတိုင်ကို အမှန်တကယ် ပို့ဆောင်ပေးမည့် သင်တန်းကျောင်းဖြစ်သည်။

အမှတ်(၂၅၄)၊ မြေညီထပ်၊ အင်းစိန်လမ်း၊ ဘုရားလမ်းကားမှတ်တိုင်အနီး၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Tel - 09-32226999,09-794555999



**VAC®** VALUE ADDED CONSULTANCY

မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094
Email ဖြင့်အလုပ်လျှောက်နိုင်သည်။ CV ကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။

**Job Openings for Foreign Telecom Firms @ VAC**

**Marketing Strategy Planning Manager - Officer** (2)
- Exp In Retail Marketing , Business Plan Developement, Research
- Data Analysis, Information Collection, Document

**Marketing Promotion Manager - Officer** (1)
- Exp In Retail Marketing , Business Plan Developement, Research
- Planning & Implementation Of CSR Activity

**Branding Strategy Manager - Officer** (1)
- Exp Of working in Advertising Agency Preferred
- Develop Media Plan Together with Media Agency

**Event Planning Manager - Officer** (1)
- Exp Of working in Advertising Agency Preferred
- Planning & Implementation Of Event Sponsorship , Caravan , Etc

**Device Marketing Manager - Officer** (2)
- Exp Of working for Handset Manufacturer Or Mobile Shop
- Planning & Execution In Collaboration With Handset Manufacturers

**Product Strategy Manager - Officer** (2)
- Exp Of working for Handset Manufacturer Or Mobile Shop
- Over all Product Developement Plan & Schedule

**Communication Manager - Officer** (1)
- Exp Of PR Or working in Media Agency Preferred

**VAS Manager - Officer** (2)
- Communicate & Manage VAS Provider

**Mobile Money Manager - Officer** (2)
- Exp Of Either Mobile Apps Planning/ Develop ,Exp in Financial Co(Bank)

မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်အကိုင်အခွင့်အလမ်းများကို အချိန်နှင့်တစ်ပြေးညီ အချက်အလက်ပြည့်စုံစွာ သိရှိနိုင်ရန် "Value Added Consultancy" Page အား Like လုပ်ထားကြရအောင်

Value Added Consultancy
Value Added Consultancy-Perfect Supply Services Co.,Ltd



**YumYum® Xcite®** အတာသင်္ကြန်နှစ်ကူး အထူးကံစမ်းမဲအစီအစဉ်

ကံစမ်းမဲကာလ (၁-၃-၂၀၁၅) မှ (၃၁-၅-၂၀၁၅)

**(၂၇-၅-၂၀၁၅) ထိ ကံထူးရှင်များ**




ကျန်ရှိနေသောဆုမဲများ အတွက် ကံထူးရှင်များအား YumYum မှ စောင့်မျှော်လျက်ရှိပါသည်။




ဆုများအား နောက်ဆုံးထုတ်ယူရန်ရက် (၃၁-၀၈-၂၀၁၅)။ Customer Service Hot Line - 09 8635250

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅. ၅. ၂၀၁၅ ရက်နေ့ နေပြည်တော်၌ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
သုံးနှစ်ဆက် **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
**(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်- ပထမဆု)** ကို
**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အားလည်းကောင်း၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
**(နိုင်ငံတော်နှင့် ပြည်သူတို့အတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)** ကို
**"ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အားလည်းကောင်း
ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး
ထမ်းဆောင်နိုင်ပြီး၊ နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍
ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့**
**မြန်မာအရှေ့တိုင်းဘဏ်လီမိတက်**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅. ၅. ၂၀၁၅ ရက်နေ့ နေပြည်တော်၌ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
သုံးနှစ်ဆက် **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
**(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်- ပထမဆု)** ကို
**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အားလည်းကောင်း၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**
**(နိုင်ငံတော်နှင့် ပြည်သူတို့အတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)** ကို
**"ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အားလည်းကောင်း
ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်
နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး
ထမ်းဆောင်နိုင်ပြီး၊ နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍
ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့**
**Oriental Leasing Co.,Ltd.**
**(A Subsidiary of M.O.B)**

MBA 20th ANNIVERSARY 1995 - 2015
Yangon University of Economics

# ကျေးဇူးတင်လွှာ

MBA နှစ်(၂၀)ပြည့် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနား၊ မြတ်ဆရာပူဇော်ပွဲ
ဓာတ်ပုံပြပွဲ၊ စာကြည့်တိုက်ဖွင့်ပွဲ၊ ဖွင့်ပွဲအကြိုစာတမ်းဖတ်ပွဲ၊
MBA HR Forum နှင့် ညစာစားပွဲပြစ်မြောက်အောင်မြင်ရေးအတွက်
ကူညီပံ့ပိုးပေးခဲ့ကြသော အောက်ဖော်ပြပါကုမ္ပဏီများနှင့်
တက်ရောက်အားပေးချီးမြှင့်ပေးကြသော ဆရာကြီး၊ ဆရာမကြီးများအား
ပွဲဖြစ်မြောက်ရေးကော်မတီမှ
အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ROYAL MODERN FURNITURE · Shwe Taung Group · JUNCTION SQUARE · FRESH Air Systems · Cafe 47 · Nilar Yoma
7DAY NEWS JOURNAL · Victoria Hospital · UNIQUE IT & Mobile Center · Z&A
Myanmar Media Management · mango · Solar Rays · MCP · Treasure Star
Princess Car Rental Amara · TAJIMA · NEW MOTION Travels & Tours · PSH · MAMA INSTANT NOODLES
MHAT · GROHE · TNS · Forever
aung pyitan · SUN FAR Travel · FORTUNE International · MIT Beyond Innovation
MMG · In Mai Kha Holdings Co.,Ltd. · OPPLE LIGHTING · CHIGO · Midea · KYAW

**23rd - 24th, MAY 2015**


ဖလန်းဖလန်း အင်တာနက်
3G ၆ကျပ်/MB
လူတိုင်းအတွက် မြန်ဆန်တဲ့အင်တာနက်ကို
အသက်သာဆုံးဈေးနဲ့ အခုပဲယူလိုက်ပါ။
ooredoo
#PHALANPHALAN
စည်းမျဉ်းစည်းကမ်း
တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ စက်ဘီးမတော်မဆမှုကြောင့် ပေါင်ကျိုး

စာ » ၄

နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပစိဖိတ်သမုဒ္ဒရာဖြတ် မာရသွန်ခရီးရှည် စတင်ပျံသန်း

စာ » ၄

မြကျွန်းသာ ပန်းဥယျာဉ်နှင့် စပ်လျဉ်း၍

စာ » ၉

မြန်မာ့ရေဒီယိုမီဒီယာကဏ္ဍအတွက် မှတ်တိုင်သစ်တစ်ခု

စာ » ၁၀

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်

စာ » ၁၁

# ဘီဘာအိုအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စပိန်ကိုပါဒယ်ရေးဖလား ဘာစီလိုနာဆွတ်ခူး




စပိန်ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲတွင် ဘီဘာအိုအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် စပိန်ကိုပါဒယ်ရေးဖလားနှင့်အတူ ဘာစီလိုနာအသင်း အောင်ပွဲခံစဉ်။

စပိန်ကိုပါဒယ်ရေးဖလားနောက်ဆုံးဗိုလ်လုပွဲအဖြစ် ဘာစီလိုနာအသင်း၏ အိမ်ကွင်းနူးကမ့်တွင် ဘာစီလိုနာအသင်းနှင့် ဘီဘာအိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ စပိန် ကိုပါဒယ်ရေးဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူးမက်ဆီက ပွဲကစားချိန် မိနစ် ၂၀ နှင့် ၇၄ မိနစ်တို့တွင် နှစ်ဂိုး၊ တိုက်စစ်မှူး နေမာက ပွဲကစားချိန် ၃၆ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘီဘာအိုအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် ၇၉ မိနစ်တွင် ဝီလျံက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး မက်ဆီသည် ယခုနှစ်တွင် ဘာစီလိုနာအသင်းနှင့်အတူ ဖလားများ ဆွတ်ခူးထားနိုင်ခဲ့ခြင်းကြောင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့

# စက်ဘီးပြိုင်ပွဲများ ကျင်းပ

**တောင်ကြီး မေ ၃၁**

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် MSP Tractors Ltd.,နှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ တံခွန်စိုက် (Freedom Bicycle Road Race နှင့် Mountain Bike) ပြိုင်ပွဲဖွင့်ပွဲကို မေ ၃၀ ရက် နံနက် ၇ နာရီက တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံရှေ့တွင် တာလွှတ်ပွဲကျင်းပသည်။

ပြိုင်ပွဲကို ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



## ဇွန် ၂ ရက် မြန်မာဘောလုံးအသင်း ယှဉ်ပြိုင်မှုများကို MRTV News Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်မည်

| ရက်စွဲ | ပွဲစဉ် | ထုတ်လွှင့်ပြသမည့်အချိန် |
|---|---|---|
| ၂-၆-၂၀၁၅ | U-20 ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ မြန်မာနှင့် ယူကရိန်း | နံနက် ၇ နာရီ ၁၀ မိနစ် (ည ၈နာရီ ပြည်တွင်းသတင်းများအပြီး ထပ်မံထုတ်လွှင့်ပြသသွားပါမည်။) |
| ၂-၆-၂၀၁၅ | U-23 အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲ မြန်မာနှင့်အင်ဒိုနီးရှား | ညနေ ၆ နာရီ ၃၅ မိနစ် |

(သတင်းစဉ်)

ဂုဏ်ထူးမြန်မာစာ နှစ်ပတ်လည်စာစီစာကုံး နှင့် သင်ရိုးတန်းများ
(တနင်္ဂနွေနေ့တစ်ရက်တည်းသာ)
နှင် (၇) ရက် ဖွင့်မည်။
အမှတ် (၁၈၈)၊ ၃ထပ်၊ ဆိပ်ကမ်းသာလမ်း။ ဖုန်း – ၃၇၅၅၁၉

ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဒေါ်ဒါ
ဧပြီလ တန်းခွဲများတွင် နေရာလက်မခံနိုင်ခဲ့သည့် ကျောင်းသားကျောင်းသူများအတွက် အလေးအနက်စဉ်းစား၍ ဤဆရာအင်အားအတိုင်း မရ–ရအောင် စီစဉ်ပေးလိုက်ရသော
အတုမရှိ၊ အတုမရှိသည့် ဆရာအင်အား
❖ ဂုဏ်ထူး ဦးသိန်းနိုင် ❖ ဆရာ နေအုပ် (စိန်ပေါလ်)
❖ ဂုဏ်ထူး ဦးအောင်နိုင် ❖ ပါမောက္ခ ဒေါက်တာ ထွန်းလွင်
❖ ဒေါက်တာ ညီညီ ❖ ဒေါက်တာ ဇိဝ ❖ ဒေါ်ဆွေညွန့်လွင်
❖ ဆရာ ဦးဇော်လင်းအောင် ❖ စိုင်းစိန်မြင့်အောင်
အထွေထွေအုပ်ချုပ်ရေးမှူး – ဒေါ်ကြည်ကြည်တင် (M.Sc, Final)
ဒသမတန်း နောက်ဆုံးတန်းခွဲအသစ်စက်စက် (တခွဲတည်းသာ)
✦ နံနက် (၇:၀၀) နာရီမှ (၁၂:၁၅) အထိ ✦ နေရာအနှံ့ Ferry ကားများ ရှိသည်။
✦ လိုအပ်သူများ ဆန္ဒရှိလျှင် စာသင်၊စာကျက်ခိုင်း စီစဉ်ပေးသည်။ ဇွန် (၆) ရက် ဖွင့်မည်။
ကျောင်းတည်နေရာ ➡ မြေအမှတ် (၂၈/A,B)၊ (Orange Super Mart) နှင့် ညာဘက်

themirror.npt@gmail.com www.facebook.com/themirrordaily